ဗုဒ္ဓသာသနာဘာရော အဝဿံ ဝဟိတဗ္ဗော

“ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။”

# သာထွန်းပြန့်

၁၃၇၈ ခုနှစ်၊ တပေါင်း–တန်ခူး၊ မတ်လ၊ ၂၀၁၇ ခုနှစ်၊ အတွဲ (၂၂)၊ အမှတ် (၇)

ဓမ္မစာစောင်



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဗုဒ္ဓသာသနာ ဘာရော အဝဿံ ဝဟိတဗ္ဗော။
ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။

# သာထွန်းပြန့်ဓမ္မစာစောင်

(အတွဲ - ၂၂၊ အမှတ် - ၇)


သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

ကမ္ဘာအေး၊ ရန်ကုန်မြို့

မြန်မာသက္ကရာဇ် – ၁၃၇၈ သာသနာတော်နှစ် – ၂၅၆၀ ခရစ်နှစ် – ၂၀၁၆

အမှတ် ..၀၃၂၂၈
၁-၃-၁၇

# သာသနာထွန်းပြန် မဂ္ဂဇင်း

ဗုဒ္ဓသာသနာဘာရော အဝဿံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

အတွဲ (၂၂)၊ အမှတ် (၇)၊ ၁၃၇၈ ခုနှစ်၊ တပေါင်း-တန်ခူး၊
၂၀၁၇ ခုနှစ်၊ မတ်လ

နာယကကြီးများ
သူရဦးအောင်ကို (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
ဦးမိုးဇော်ရွှေ
ညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

စာတည်းချုပ်
ဦးဘဟိန်း

တာဝန်ခံစာတည်း
ဦးကြည်မြင့် (သာသနဓဇဓမ္မာစရိယ)

တွဲဘက်စာတည်း
ဦးညီညီစိုး (သာသနဓဇဓမ္မာစရိယ)
(M.A., (New Delhi)
M.Phil., Ph.D. (Thesis), (Calcutta)

တွဲဘက် ပရု(ဖ်) အယ်ဒီတာ
ဦးဟန်မင်းအောင် (သာသနတက္ကသီလဓမ္မာစရိယ)
B.A,(Buddhism) M.A, (Thesis)

ထုတ်ဝေသူ
ဦးဘဟိန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ တိပိဋကယောဆရာတော်၏ ဩဝါဒကထာ
၅ မျက်နှာဖုံးပုံရိပ် "တပေါင်းလပြည့်နေ့"
၇ အယ်ဒီတာအာဘော် "ခေါင်းနှင့်ပန်း"
၉ လိုအပ်ချက် — မင်းကွန်းဆရာတော်ဘုရားကြီး
၁၀ အယူမှားလျှင် — မယဒေဝ
၁၁ အပူငြိမ်းအေး — အတွေးအမြင်
၁၂ မိလိန္ဒပဉှာ
၁၆ အခြေပြုပဌာန်းတရားတော် — အရှင်ဇနကာဘိဝံသ
၂၁ ဓမ္မကို အဆုံးရှုံးမခံလေသူ — ပြည့်သခင်
၂၆ ထေရဝါဒခရီးသည် (၃) — ကိုရင်ရွှေဖျိုး-နေနတ်သား

၃၂ "ပညာရှိကို ဆည်းကပ်ရသော သံဝရမင်းသား"
ဇာတ်လမ်း- တက္ကသိုလ်-သျှင်သီရိ(ဓမ္မာစရိယ-ဘီအေ)
ပန်းချီ- တင်ထွန်းထွန်း

၄၀ ချမ်းသာအစစ်ကို ဝေငှခြင်း — သထပ- ကျမ်းပြု

၄၂ ဗုဒ္ဓသာသနာတော်အသက်
ဘယ်လိုဆက်ကြမည်လဲ — ဆရာဘကျော်


၄၇ ရေကောင်းရေသန့် — ဦးတင်မြင့်

၅၂ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ — မြတ်နိုးခင်(ကျားပျံ)

၅၅ မ. ဟ. န ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီး၏
ဒါန၊ သီလ အခြေခံသမထဝိပဿနာ
ရှုမှတ်ပွားများနည်းတရားတော်များ — ဦးအောင်သိန်းညွန့်

A Practical Way Of Calmness and
Insight-Medition Based on
Charity and Moral Ethics
**Trans: by U Aung Thein Nyunt**

၆၀ ပြည်တွင်းသာသနာရေးမှတ်တမ်း — သူရိန်



**သာထွန်းပြန့်ဓမ္မစာစောင်**
**ရုံးအဖွဲ့**
ဒေါ်တိုးတိုးလွင် (ဦးစီးအရာရှိ)
ဒေါ်ဝင်းကြည် (ဒု-ဦးစီးမှူး)

**ပုံနှိပ်သူ**
ပြည့်ဖြိုးအောင်ပုံနှိပ်တိုက်
ဦးဖြိုးဟန်သိန်း မှတ်ပုံတင်(၀၁၃၉၄)
အမှတ်(၂၀၁)၊ အဝေရာလမ်း
၃၉(A)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်



# တိပိဋကယောဆရာတော်

၏

# သြဝါဒကထာ

'စည်းကမ်း'

စည်းကမ်းဆိုတာ

ချုပ်ချယ်တာမဟုတ်ဘူး။

လူတွေရဲ့တဝမြင့်မားအောင်

အဖိုးတန်ပုဂ္ဂိုလ်တွေဖြစ်လာအောင်

အမိုက်ထဲပါမသွားအောင်

အလှတန်ဆာ ဆင်ပေးတာ။

(တိပိဋက ယောဆရာတော်)

# တပေါင်းလပြည့်နေ့

လောကလူသားတို့သည် မိမိမွေးဖွားပေးရာနေရာကို ဇာတိရွာ၊ ဇာတိမြို့-စသည့်ဖြင့် သတ်မှတ်ခေါ်ဝေါ်သုံးနှုန်းကြသည်။ မြန်မာ့ရိုးရာ ရှေးဝေါဟာဖြင့်သုံးနှုန်းသော "ချက်မြှုပ်"ဟု သုံးနှုန်းခေါ်ဝေါ်ကြသည်။ "ဇာတိ" အသုံးအနှုန်းကို အသုံးပြုပုံက ပို၍များပါသည်။

ရှေးမြန်မာ စာဆိုပညာရှင် ပေလေးပင် ရှင်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော ရှင်အုန်းညိုက ဂါထာခြောက်ဆယ်ပျို့၌ **"ဖွားချက်မြှုပ်ထွေ၊ ဇာတိနေသား၊ အောင်မြေပြည်မ၊ ကပိလတွင်"** သိဒ္ဓတ္ထမင်းသားမွေးဖွားရာနေရာကို ချက်မြှုပ်ရာနေရာ၊ ဇာတိနေရာ-ဟုသုံးနှုန်းပုံကိုတွေ့ရပါသည်။

အဘယ်ကြောင့် မိမိမွေးဖွားရာနေရာကို ချက်မြှုပ်ရာနေရာ၊ ချက်မြှုပ်ရာအရပ်ဟုခေါ်ပါ သနည်းဟူမူကား ....... ရှေးရှေးအခါကာလ၌ မွေးဖွားခြင်းကိစ္စသည် ယခုခေတ်ကာလ အခါသမယကဲ့သို့ တိုးတက်မှုမရှိသေးချေ။ ရှေးလူကြီးများသည် ချက်ကြိုးကို ဖြတ်တောက် ပြီးနောက် မိမိတို့အိမ်၏ လှေခါးအောက်တွင် မြှုပ်လေ့မြှုပ်ထရှိကြသည်။ သို့အတွက်ကြောင့် ချက်မြှုပ်ဟုလည်းခေါ်ကြပါသည်။

ဤအခါကာလ သမယသည် ဆောင်းနှောင်းနွေဦး တပေါင်းလအခါထူး အေးလည်း မအေးလွန်း၊ ပူလည်းမပူလွန်း၊ ကောက်ပဲသီးစ ဥတုမျှ၍ အာဟာရမွတ်ရှား ခေါင်းပါးခြင်း၊ ဆာလောင်ခြင်းမှလည်းကင်းရှင်းသောလတစ်လဖြစ်ပေသည်။

ငယ်ရွယ်နုပျိုသောကလေးသူငယ်များ၊ ကျောင်းသူ၊ကျောင်းသား လူငယ်များတို့သည် တစ်နှစ်တာနွမ်းနယ်သမျှ အပန်းတော်ဖြေကြမည့်အခါကာလသမယလည်းဖြစ်ပေသည်။

အဖိုးအဖွား၊ မိဘဆရာသမားတို့သည် ဤလမြတ်တပေါင်းအချိန်၌ မိမိတို့၏ ဇာတိ ချက်မြှုပ်မွေးရပ်မြေသို့ သွားရောက်ကာအလှူဒါနပြုလုပ်ကြသည်။ အလှူများစွာတို့တွင် "သာမဏေရပဗ္ဗဇ္ဇ-ရှင်ပြုအလှူတော်" မင်္ဂလာပွဲကို အလွန်အားခဲကာလှူဒါန်းကြပါသည်။

သာမဏေရပဗ္ဗဇ္ဇ-ရှင်ပြုအလှူတော်မင်္ဂလာပွဲကို မြန်မာတို့ကျင်းပလာခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပါသည်။ ရှင်ပြုအလှူတော်မင်္ဂလာကျင်းပပြုလုပ်ကြခြင်းသည်........ သားတော်ရာဟုလာသည် သဗ္ဗညုတ ဉာဏသခင် ဖခမည်းတော် ဘုရားရှင်ကိုယ်တော်မြတ် အား အမွေပေးရန်တောင်းခံလာသောအခါ ဘုရားရှင်ကိုယ်တော်မြတ်က သာမဏေရပဗ္ဗဇ္ဇ-ရှင်သာမဏေအဖြစ်သို့ရောက်အောင်ပို့ဆောင်ပေးခြင်းတည်းဟူသော လောကုတ္တရာအမွေကို ကောင်းမွန်စွာပေးခဲ့ပါသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်က သားတော်ရာဟုလာအား လောကုတ္တရာအမွေအနှစ် ပေးခြင်းကဲ့သို့ မြန်မာ့လူမျိုးတို့သည် ထေရဝါဒဗုဒ္ဓသာသနာတော်ကို မြတ်နိုးကော်ရော် ပူဇော် လိုကြသည့်အလျောက် မိမိတို့၏ရင်နှစ်သည်းခြာ သားရတနာများကို သာမဏေရပဗ္ဗဇ္ဇ-ရှင်ပြုအလှူတော်ပြုလုပ်ခြင်း၊ သမီးရတနာများကို ကဏ္ဏဝိဇ္ဈန-နားကိုသခြင်းစသောအလှူ မင်္ဂလာများကိုပြုလုပ်ခြင်းဖြင့် လောကုတ္တရာအမွေကိုပေးကြပါသည်။

ကျောင်းစာရေးမောင်စံထိန်က သူ၏သားရွှေကြိုဆုံးမစာတွင် "သားရွှေကြို၊ သူတော်တကာ၊ ချီးမွမ်းရာသား၊ သားတကာထက်၊ ကျေးဇူးနက်၍၊ အဖက်မဲ့စွာ၊ ဂုဏ်ပညာနှင့်၊ သမ္မာစာရ၊ မြတ်ဓမ္မဖြင့်၊ မိဘတို့ထက်၊ ဆထက်လွန်စွာ၊ အတိဇာဟု၊ သမ္ဘာရင့်ညောင်း၊ သားသူကောင်းလျှင်၊ ဖြစ်စေချင်၍" စသည်ဖြင့် သားသမီးများအပေါ်မျှော်မှန်းထားသည့်မိဘ တို့၏ဆန္ဒကို တွေ့မြင်ရပေသည်။

မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းတွင် သားသမီးတို့အပေါ်ထားသောမိဘတို့၏ဆန္ဒမည်၍ မည်မျှရှိသည်ကိုသိရှိနိုင်ရန် တပေါင်းလပြည့်နေ့မျက်နှာဖုံးပုံရိပ်အဖြစ်ဖော်ပြလိုက်ရပါသည်။

# "ခေါင်းနှင့်ပန်း"

တပေါင်းလသည် သာသနာတော်ဝယ် မေ့ပျောက်၍မရသောလထူးလမြတ်လတစ်လဖြစ်သည်။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် လတပေါင်ဝယ် ခညောင်းစွာသော တရားဒေသနာတော်များကို ဟောခြွေမြွက်ကြားတော်မူခဲ့ပေသည်။ လတပေါင်းဝယ် ဘုရားရှင်ကိုယ်တော်မြတ် ဟောဖော်ညွှန်ပြဆိုဆုံးမသွားသော တရားတော်များစွာတို့တွင် ဝေဿန္တရာဇာတ်တော်ကြီးသည် ကြားနာဖတ်ရှုသူ မည်သူကိုမဆို နှလုံးစိတ်ဝမ်း အေးချမ်းမှုကို ပေးစွမ်းနိုင်သောတရားတော်ကြီးဖြစ်ပါသည်။

ဒီလိုဆိုတော့ အခြားခြားသော မြတ်ဗုဒ္ဓ၏တရားတော်များက ကြားနာဖတ်ရှုသူ မည်သူ ကိုမဆို နှလုံးစိတ်ဝမ်း အေးချမ်းမှုကို မပေးသလို ဖြစ်နေသလားလို့ ....တွေးတောစရာ ဖြစ်နေရင် မြတ်စွာဗုဒ္ဓ ဟောညွှန်ပြသည့် တရားဓမ္မအားလုံးသည် ကြားနာယုံပင် အပူ စင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးခါလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းသို့ စခန်းသင့် အောင် မှန်လင့်ရည်ရော် ကောင်းစွာပို့ဆောင်နိုင်သောတရားဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဟောကြားတော်မူသောတရားတော်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တောင်မြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ကျမ်းပြုအကျော် ဆရာတော်အရှင်ဇနကာဘိဝံသ မဟာထေရ်မြတ်၏ ဖွင့်ဆိုချက်ဖြစ်ပေသည်။ ဆရာတော်ဘုရား၏နှလုံးသွင်းအတိုင်း ခံယူနှလုံးသွင်းကြလျှင် ....... မြတ်ဗုဒ္ဓ၏တရားဓမ္မအားလုံးသည် ကြားနာရုံမျှ ကြားနာပါရစေဦးတော့ ကြားနာသူပုဂ္ဂိုလ်အပေါင်းအား ဒိဋ္ဌမျက်မြင် တစ်ခဏ၌ပင် မိမိခံစားနေရသော သောက၊ ပရိဒေဝ-စသည့်အပူမီးများ ငြိမ်းအေးနိုင်ပါသည်။ ဒီထက်မက မြတ်ဓမ္မများကို ဟောဖော်ညွှန်ပြဆိုဆုံးမသည့်အတိုင်း ကျင့်နိုင်ကြမည်ဆိုလျှင် အဘယ်ကဲ့သို့ပြောဆိုဘွယ်ရာရှိနိုင်ပါတော့အံ့နည်း။ နိဗ္ဗာန်သို့မရောက်သည့်တိုင်အောင် နိဗ္ဗာန်သို့ရောက်ကြောင်းအထောက်အပံ့ကောင်းဖြစ်သည်မှာ မုချဧကန်အမှန်ဖြစ်ပေသည်။


ယခုအချိန်အခါသမယ သာသနာတော်နှစ်သည်ကား (၂၅၆၀)သို့ ရောက်ရှိနေပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာအလယ်ဝင့်ထည်ရှိနေခြင်းသည် မြတ်ဗုဒ္ဓ တည်ထောင်ခဲ့သောသာသနာတော်မြတ်ကြီး၏ လမ်းညွှန်မှု၊ထိန်းကြောင်းမှု၊တည့်မတ်မှု-စသည့် အဖိုးမဖြတ်နိုင်သောတရားဓမ္မကြောင့်ဟုဆိုလျှင်မှားမည်မထင်။

မြတ်ဗုဒ္ဓဟောဖော်ညွှန်ပြဆိုဆုံးမခဲ့သောတရားတော်များ ယနေ့အချိန်အခါအထိ မပျောက်မပျက် ပကတိအတိုင်းတည်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ကြသူများကား အဘယ်သူတို့များနည်း……တွေးဆကြည့်လျှင် လဇ္ဇီပေသလ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြသော သံဃာတော်အရှင်ကောင်း၊အရှင်မြတ်များနှင့် ထိုသံဃာတော်အရှင်ကောင်း၊အရှင်မြတ်တို့အား ဣရိယာပထမျှတစွာကျင့်ကြံကြိုးကုတ်အားထုတ် တော်မူနိုင်ရန် ထောက်ပံ့ကြသော ဥပါသကာ၊ဥပါသိကာ၊ ဒါယကာ၊ဒါယိကာမပုဂ္ဂိုလ်များ ကြောင့် ယနေ့အချိန်အခါဝယ် မြတ်ဗုဒ္ဓသာသနာတော်ကြီး နေတာဆူ၊လတစ်ပါးကဲ့သို့ ထင်ရှား တင့်တယ်နေခြင်းဖြစ်ပေသည်။

သာသနာသုံးရပ် အမြင့်မြတ်ဆုံးဖြစ်ကြောင်း ကောင်းကောင်းသိမြင်သူတော်စဉ်တိုင်းက ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် တာဝန်ကိုယ်စီရှိပြီးဖြစ်ပေသည်။ တန်ဖိုးကြီးလှသောရတနာ တစ်ပါးပိုင်ဆိုင်ထားပါလျက် အကျိုးရှိအောင်အသုံးမပြုတတ်လျှင် တန်ဖိုးကြီးလှသောရတနာ၏ အပြစ်မဟုတ်၊ အသုံးပြုသူ၏ အပြစ်သာဖြစ်ပေမည်။ ဒါပေမဲ့ တန်ဖိုးကြီးလှသောရတနာကို တန်ဖိုးကြီးသောရတနာတစ်ပါးဖြစ်ကြောင်း ကြောင်းကျိုးကုန်စင် အကုန်မြင်သိဘို့တော့ ဦးစွာပထမနားလည်ရပေမည်။ မျက်ကဏ်းပုဂ္ဂိုလ်တစ်ယောက်ထံ ရောက်နေသောရတနာ တစ်ပါးမဖြစ်ရန် အလွန်အရေးကြီးပါသည်။

ခေါင်းနှင့်ပန်း၊ ပန်းနှင့်ခေါင်းကဲ့သို့ ခွဲခြား၍မရသောဆရာနှင့်ဒါယကာ၊ ဒါယကာနှင့် ဆရာတို့သည် တန်ဖိုးကြီးလှသောမြတ်ဗုဒ္ဓသာသနာတည်းဟူသောရတနာကို အကျိုးရှိအောင် အသုံးပြုနိုင်ပါစေကြောင်းဆုတောင်းပတ္ထနာပြုလိုက်ရပါသည်။

# လိုအပ်ချက်



- ရုပ်ကလှလှ မလှလှ
  စိတ်ကလှဖို့ လိုအပ်တယ်။
- အသားဖြူဖြူ မဖြူဖြူ
  သီလဖြူဖို့ လိုအပ်တယ်။
- ငွေကြေးချမ်းသာ မချမ်းသာ
  စိတ်ချမ်းသာဖို့ လိုအပ်တယ်။
- မည်သူကောင်းကောင်း မကောင်းကောင်း
  ကိုယ်ကကောင်းဖို့ လိုအပ်တယ်။
- ဘယ်၌ပျော်ပျော် မပျော်ပျော်
  တရား၌ပျော်ဖို့ လိုအပ်ဂယ်။
- ဘာကိုသိသိ မသိသိ
  ကျေးဇူးသိဖို့ လိုအပ်တယ်။

(မင်းကွန်းဆရာတော်ဘုရားကြီး)



# အယူမှားလျှင်

* လိပ်ခဲပမာ၊
မြဲမြံစွာလျက်၊
သတ္တဝါတစ်ယောက်၊
ယူမှားမှောက်ကို၊
သိန်းလောက်ဘုရား၊
လှန်သောအားဖြင့်၊
ဟောကြားခြေချွတ်၊
ဖြေမလွတ်ဘူး။

(မဃ၆၃၀)



# အပူငြိမ်းအေး

♥ ဘေးဖြစ်တာ
လေးသစ္စာ မမြင်ကန်းသော်ကြောင့်
ပင်ပန်းသူ လူအချို့မှာ
ပူလို့မဆုံး။

(အတွေးအမြင်)

# မိလိန္ဒပဉှာ



## ဘုရားရှင်၏ လာဘ်ကို အနှောင့်အယှက်ပြုနိုင်သလော

“အရှင်နာဂသေနဘုရား၊ ဘုရားရှင်သည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး လေးပါးသော ပစ္စည်းတို့ကို ခံယူရရှိတော်မူ၏ ဟူ၍လည်း အရှင်ဘုရားတို့ မိန့်ဆိုတော်မူကြကုန်၏။ ထိုမှတစ်ဖန် ဘုရားရှင်သည် ပဥ္စသာလ ပုဏ္ဏားရွာသို့ ဆွမ်းခံဝင်တော်မူလတ်သော် တစ်စုံတစ်ရာမျှ မရရှိဘဲ ဆေးမြဲတိုင်းသော သပိတ်ဖြင့် ပြန်လည်ထွက်ခွါတော်မူလာရ၏ ဟူ၍လည်း အရှင်ဘုရားတို့ မိန့်ဆိုတော်မူကြကုန်၏။”

“အရှင်ဘုရား၊ အကယ်၍ ရှေ့စကားသည် မှန်ခဲ့ငြားအံ့။ နောက်စကားသည် မှားပေရာ၏။ အကယ်၍ နောက်စကားသည် မှန်ခဲ့ငြားအံ့ ရှေ့စကားသည် မှားပေရာ၏။ အစွန်းနှစ်ဖက်ထွက်၍နေသော ဤပြဿနာသည် အရှင်ဘုရားထံ ကပ်ရောက်လာ၏။ ဤပြဿနာကို ဖြေရှင်းတော်မူပါလော့”

“မင်းမြတ်၊ စကားနှစ်ရပ်လုံးပင် မှန်ကန်ပေ၏။ ဘုရားရှင်သည် ပဥ္စသာလ ပုဏ္ဏားရွာမှ ဆေးမြဲတိုင်းသော သပိတ်ဖြင့် ပြန်လည်ထွက်ခွါလာတော်မူရခြင်းမှာ ယုတ်မာသော မာရ်နတ်မင်းက နှောက်ယှက်ထားသောကြောင့် ဖြစ်ပေ၏”

“အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် မရေမတွက်နိုင်သော ကမ္ဘာတို့ပတ်လုံး ဘုရားရှင်ဖြည့်ကျင့်တော်မူခဲ့သော ပါရမီကုသိုလ်တော်

သည် ကုန်ခမ်းသွားပြီလော။ ယခုမှပေါ် ပေါက်လာသော မာရ်နတ်ယုတ်သည် ထိုပါရမီကုသိုလ်တော်၏ အရှိန်အဟုန်ကို မည်သို့ တားဆီးပိတ်ပင်နိုင်မည်နည်း။ အကယ်၍ ပိတ်ပင်နိုင်ခဲ့ပါသော် ကုသိုလ်တရားထက် အကုသိုလ်တရားက ပိုမို၍ အားကြီးနေပေ၏။ ဤသို့နှစ်ဌာနလုံး၌ စွပ်စွဲဖွယ် ဆိုက်ရောက်ပေ၏။ ထိုသို့သာဖြစ်ပါမူ သစ်ပင်ရင်းထက် သစ်ပင်ဖျားက ပိုမို၍ လေးနေပေရာ၏''

''မင်းမြတ်၊ ထိုမှလောက်ဖြင့် အကုသိုလ်တရားက ကုသိုလ်တရားထက် ပိုမို၍ အားမကြီးနိုင်ပေ။ မာရ်နတ်မင်း၏အားက ဘုရားရှင်၏အားထက် ပိုမို၍ အားမကြီးနိုင်ပေ။''

''မင်းမြတ်၊ ဥပမာအားဖြင့် ယောက်ျားတစ်ယောက်သည် စကြဝတေးမင်းကို ဆက်သရန် ပျားရည်၊ မုန့်ဆုပ်နှင့် အခြားလက်ဆောင်များကို ယူဆောင်လာ၏။ ထိုယောက်ျားကို ပြည့်ရှင်မင်း၏ တံခါးစောင့်က ဆုတော်လာဘ်တော် မရရှိစေလိုသဖြင့် အချင်း၊ အချိန်ကား ပြည့်ရှင်မင်းအား ဖူးမြင်ရန် အချိန်မဟုတ်ချေ။ သင့်အား ပြည့်ရှင်မင်းက အပြစ်ဒဏ်မပေးသေးမီ အလွန်လျင်မြန်စွာ ပြန်သွားပေလော့ဟု ပြောဆိုရာ၏။ ထိုယောက်ျားသည် အပြစ်ဒဏ်ခံရမည်ကို ကြောက်လွန်းလှသဖြင့် ပါလာခဲ့သော လက်ဆောင်ပစ္စည်းများကို ယူဆောင်ကာ အဆောတလျင် ပြေးလာခဲ့ရာ၏။ ထိုမှလောက်သော လက်ဆောင်ပစ္စည်းချို့တဲ့သွားကာမျှဖြင့် စကြဝတေးမင်းသည် တံခါးစောင့်အောက် တန်ခိုးအာနုဘော်ယုတ်လျော့သွားပါသလော။ စကြဝတေးမင်းသည် အခြားသောလက်ဆောင်ပဏ္ဏာကိုကော မရတော့ပြီလော''

''အရှင်ဘုရား၊ စကြဝတေးမင်းသည် တံခါးစောင့်အောက် တန်ခိုးအာနုဘော်ယုတ်လျော့မသွားပါ၊ အခြားသောတံခါးတို့ဖြင့် ထိုထက်အဆပေါင်းသိန်းသန်းမက များပြားလှသော လက်ဆောင်ပဏ္ဏာတို့ကို ရရှိပေ၏''

''မင်းမြတ်၊ ဤအတူသာပင် မာရ်နတ်မင်းသည် ဘုရားရှင်ကို မကြည်ညိုသဖြင့် ပဥ္စသာလအမျိုးသားတို့၌ ပူးဝင်ကာ ဆွမ်းတစ်စွေမျှ မလောင်းရအောင်ပြုလုပ်ထား၏။ သို့ရာတွင် တစ်သိန်းမကသောနတ်တို့သည်

နတ်သုဒ္ဓါတို့ကို ကိုင်ဆောင်ကာ ဘုရားရှင်၏ ကိုယ်တော်၌ မွှေးညှင်းပေါက်မှ ထည့်သွင်းရန် ရှေးရှုကပ်ရောက်လာကြကုန်၏။ ဘုရားရှင်ကို ရှိခိုးလျက် ရပ်တည်လာကြကုန်၏။''

''အရှင်ဘုရား၊ မာရ်နတ်မင်းသည် ဘုရားရှင်ဘုဉ်းပေးတော်မူရမည့် ဆွမ်းဘောဇဉ်ကို ဧကန်အားဖြင့် တားမြစ်နိုင်ခဲ့ပြီ ဖြစ်ပေ၏။ ထိုမျှလောက်ဖြင့် မာရ်နတ်မင်း၏အလို ပြည့်ခဲ့ပြီ ဖြစ်ပေ၏။ အတုမရှိမြင့်မြတ်တော်မူပေသော ဘုရားရှင်၏ လာဘ်လာဘကို မာရ်နတ်မင်းက အန္တရာယ်ပြုနိုင်စွမ်းရှိနေပြီဖြစ်၍ ထိုအရာ၌ တပည့်တော်၏စိတ်မှာ ဆုံးဖြတ်နိုင်စွမ်းမရှိနိုင်ပါ။ ယုံမှား သံသယထဲသို့ ပြေးဝင်လျက်ရှိနေပါ၏''

''မင်းမြတ်၊ လာဘ်လာဘကို တားမြစ်ခြင်းတို့ကား မည်သူ့ကို လှူမည်ဟု မရည်ရွယ်ရသေးဘဲ မျက်ကွယ်မှာရှိနေသော လာဘ်လာဘကို တားမြစ်ခြင်း၊ မည်သူ့ကို လှူမည်ဟု ရည်ရွယ်ပြီးလျှင် မျက်ကွယ်မှာ ရှိနေသော လာဘ်လာဘကို တားမြစ်ခြင်း၊ အလှူခံပုဂ္ဂိုလ်၏ အနီးသို့ ယူဆောင်လာခဲ့ပြီးသော လာဘ်လာဘကို တားမြစ်ခြင်း၊ အလှူခံပုဂ္ဂိုလ်ဘုဉ်းပေးသုံးဆောင်နေဆဲ လာဘ်လာဘကို တားမြစ်ခြင်းဟူ၍ လေးမျိုးရှိကုန်၏။

''မင်းမြတ်၊ မာရ်နတ်မင်းသည် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံ၍မရရှိစေရန် ပဉ္စသာလပုဏ္ဏားတို့ထံ ပူးဝင်နှောင့်ယှက်နေ၏။ ထို့ကြောင့် ဘုရားရှင်နှင့် သံဃာတော်များသည် ဆေးမြဲတိုင်းသော သပိတ်ဖြင့် ပြန်ကြွတော်မူလာကြရ၏။ ပဉ္စသာလ ပုဏ္ဏားတို့ မလောင်းလိုက်ရသော ထိုဆွမ်းဘောဇဉ်သည် ဘုရားရှင်ဘုဉ်းပေးနေဆဲ လာဘ်လာဘလည်းမဟုတ်ချေ၊ ဘုရားရှင်အနီးသို့ ယူဆောင်လာခဲ့ပြီးသော လာဘ်လာဘလည်း မဟုတ်ချေ၊ ဘုရားရှင်အား ရည်ရွယ်ထားပြီးသော လာဘ်လာဘလည်းမဟုတ်ချေ၊ ဘုရားရှင်ရှေ့တော်မှောက်သို့ မရောက်လာသေးသော လာဘ်လာဘကို မျက်ကွယ်မှနေ၍ တားဆီးခြင်းသာဖြစ်၏။ အမှန်အားဖြင့် ထိုနေ့ရာက ဘုရားရှင်တစ်ပါးတည်းအတွက်သာ တားဆီးခြင်းမဟုတ်ပေ။ ထိုနေ့က ပဉ္စသာလရွာသို့ ဆွမ်းခံဝင်လေသမျှ အရှင်အားလုံးလည်း ဆွမ်းမရကြသည်သာ ဖြစ်ကုန်၏။

"မင်းမြတ်၊ မည်သူတစ်စုံတစ်ယောက်မျှ တားဆီးပိတ်ပင်၍ မရနိုင်သော ဘုရားရှင်၏ ဂုဏ်တော်လေးပါးတို့ကား ဘုရားရှင်အား ရည်စူးကာ ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်ရှိလာပြီးသော လာဘ်လာဘကို မည်သူ တစ်စုံတစ်ယောက်ကမျှ မတားဆီး မပိတ်ပင်နိုင်ခြင်း၊ ဘုရားရှင်ကြွတော်မူလေရာသို့ အစဉ်လိုက်ပါလျက်ရှိသော တစ်လံမျှလောက်သော ရောင်ခြည်တော်ကို မည်သူ တစ်စုံတစ်ယောက်ကမျှ မတားဆီး မပိတ်ပင်နိုင်ခြင်း၊ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို မည်သူတစ်စုံတစ်ယောက်ကမျှ မတားဆီး မပိတ်ပင်နိုင်ခြင်း၊ ဘုရားရှင်၏အသက်ကို မည်သူတစ်စုံတစ်ယောက်ကမျှ မသတ်ဖြတ်နိုင်ခြင်းတို့ဖြစ်ကြကုန်၏"

"မင်းမြတ်၊ ဥပမာအားဖြင့် တိုင်းစွန်နယ်ဖျားအရပ်တို့၌ ခိုးသားတို့သည် လမ်းခရီး၌ ပုန်းလျှိုးခိုအောင်း၍ ခရီးသွားများကို လုယက်တိုက်ခိုက်ကြကုန်ရာ၏။ ထိုခိုးသားတို့ကို ပြည့်ရှင်မင်းက အကယ်၍ ဖမ်းမိငြား အံ့။ ထိုခိုးသားတို့သည် အသက်ချမ်းသာရာ ရကြပါမည်လော"

"အရှင်ဘုရား၊ မရနိုင်ပါ၊ ထိုခိုးသားတို့ကို ပုဆိန်ဖြင့် အစိတ်ရာထောင်ခုတ်ထစ်ရန် အမိန့်ချမည်သာ ဖြစ်ပေ၏"

မင်းမြတ်၊ ဤအတူသာပင် ယုတ်မာလှသော မာရ်နတ်မင်းသည် မမြင်နိုင်အောင် ပုန်းကွယ်၍ ပဉ္စသာလပုဏ္ဏားတို့ထံ ပူးဝင်၍ အတားအဆီးပြု၏။ ယုတ်မာသော မာရ်နတ်မင်းသည် ဘုရားရှင်အား ရည်မှန်းထားပြီးသော လာဘ်လာဘကိုလည်းကောင်း၊ ဘုရားရှင်အားရည်မှန်းထားပြီးလျှင် ဘုရားရှင်ရှေ့တော်မှောက်သို့ အရောက်ပို့ဆောင်ထားပြီးသော လာဘ်လာဘကိုလည်းကောင်း၊ ဘုရားရှင်ဘုဉ်းပေးသုံးဆောင်တော်မူလျက်ရှိသော လာဘ်လာဘကိုလည်းကောင်း အကယ်၍ တားဆီးပိတ်ပင်ငြားအံ့။ မာရ်နတ်၏ဦးခေါင်းသည် အစိတ်ရာထောင်ကွဲလေရာ၏။"

"အရှင်ဘုရား၊ ကောင်းလှပါပေ၏။ အရှင်ဘုရားဖြေကြားတော်မူသည့်အတိုင်း တပည့်တော်ဝန်ခံပါ၏။"

# အခြေပြုပဋ္ဌာန်းတရားတော်

မဟာဂန္ဓာရုံဆရာတော်–အရှင်ဇနကာဘိဝံသ

ယခင်လမှအဆက်

## ပညာပါရမီ

ဒါကြောင့် ဗုဒ္ဓဘွဲ့တော်ဟာ သာမန်ပုဂ္ဂိုလ်နဲ့မတန်ပါဘူး၊ လောကီအပြောနဲ့ပြောလို့ရှိရင် အင်မတန်မြင့်မြတ်တဲ့အမျိုးမှာ အင်မတန်သပ္ပါယ် အင်မတန်လှတယ်၊ ဒါကြောင့် "လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့်၊ သပ္ပါယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွမ်းထုံသင်းကြူ သယမ္ဘူဟု" တစ်ကိုယ်လုံးစိတ်ကူးကြည့်စမ်း၊ ဘုန်းကြီးကတော့ မကြာမကြာ စိတ်ကူးကြည့်ထားတယ်၊ အင်မတန်သပ္ပါယ်ပြီးတော့ အင်မတန်လှတဲ့ယောက်ျားမြတ်က ၂၈-နှစ်၊ ၂၉-နှစ်၊ ၂၉-နှစ် ကောင်းလိုက်တဲ့အရွယ်၊ အဲဒီအရွယ်မှာ ထီးနန်းကို စွန့်ပြီးတော့ တောထွက်ပြီးတော့ တရားကျင့်တော်မူတယ်၊ တရားကျင့်တော့ ခုနတုန်းက ပညာပါရမီက အင်မတန်ထုံထားတယ်။

အင်မတန်ထုံထားတော့ ဘယ်လိုနည်းနဲ့ ထုံခဲ့တုန်းဆိုတော့ ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်တုန်းက ဒီပင်္ကရာမြတ်စွာဘုရားကို ဖူးတွေ့ရတော့ မိမိကိုယ်တိုင် လောကီစျာန် အဘိညာဉ်တွေရပြီးသား၊ ပညာနယ် လောကီမှာတော့ ထိပ်တန်းရောက်ပြီးသား၊ နောက်တော့ ဒီပင်္ကရာမြတ်စွာဘုရား ဖူးတွေ့ရတဲ့အခါ ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကို မိမိကိုယ်တိုင်မသိရပေမဲ့ မှန်းပြီးတော့ ကြည့်ပါတယ်၊ ဒီပင်္ကရာမြတ်စွာဘုရားရဲ့ မေတ္တာတော် ကရုဏာတော်တို့ကို မှန်းပြီးတော့ မြင်ပါတယ်၊ အဲသလိုနည်းနဲ့ ဉာဏ်တော်ဟာ ကြီးကြီးပြီးတော့ လာခဲ့ပါတယ်။

နောက်တော့ ဒါနပြုတယ်၊ "သဗ္ဗညုတဉာဏ်တော်ကြီးရဲ့ အထောက်အပံ့ဖြစ်ပါစေ" ဆင်ဖြူတော်ကြီးလှူတယ်၊ "သဗ္ဗညုတ

ဉာဏ်တော်ကြီးရဲ့ အထောက်အပံ့ဖြစ်ပါစေ'' သားတော် သမီးတော်များ လှူတယ် ''သဗ္ဗညုတ ဉာဏ်တော်ကြီးရဲ့ အထောက်အပံ့ဖြစ်ပါစေ''နဲ့၊ စိတ်အလုပ်အားဖြင့်လည်း ဉာဏ်ကြီးလာခဲ့ပါတယ်၊ ကံအလုပ်အားဖြင့်လည်း ဉာဏ်ကြီးလာဖို့ရန်ပဲ စိတ်ညွတ်တော်မူခဲ့တယ်၊ ဒါကြောင့် ဗုဒ္ဓမြတ်စွာရဲ့ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ဘယ်လိုလုပ်ပြီးတော့ မှန်းမျှော်မလဲဆိုရင် သဗ္ဗညုတဉာဏ်တော်ရှိတဲ့ ဘုရားရှင်များနဲ့ တွေ့တဲ့အခါတိုင်း ''သိပ်ကြီးကျယ်တာပဲ..သိပ်ကြီးကျယ်တာပဲ'' အဲဒီလိုသာသနာတော်မှာ ဘုရားများနှင့်တွေ့တိုင်း တွေ့တိုင်း ဉာဏ်တော်ကြီးကျယ်တာကို မှန်းပြီးတော့ အဲဒီဉာဏ်တော်ကြီးကို ရဘို့ရန် ကြိုးစားခဲ့ပါတယ်။

သာသနာတော်နဲ့ကြုံကြိုက်လို့ သာသနာတော်ထဲဝင်ပြီးတော့ ရဟန်းပြုတဲ့အခါမှာလဲ တရားကျင့်တော်မူတယ်၊ ပိဋကတ်စာပေတွေ တတ်ကျွမ်းအောင် သင်တော်မူတယ်၊ တရားကျင့်တော်မူတယ်၊ တရားကျင့်တာမှ ဘယ်လောက်ရောက်လာသလဲဆိုတော့ သောတာပန်ဖြစ်လုနီးပါး ကပ်နေတဲ့စိတ်အထိ (သင်္ခါရုပေက္ခာဉာဏ်အထိ) ရောက်လာတယ်။ သောတာပန်ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ၊ ဘုရားဖြစ်မယ်လို့ နိယတဗျာဒိတ်ရခဲ့တဲ့ ဘုရားလောင်းဟာ အဲဒီအချိန်မှာ အရဟတ္တဖိုလ်ရတဲ့ ရဟန္တာဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ၊ ဒါပေမယ်လို့ ခုတော့ကာ သဗ္ဗညုတဉာဏ်တော်ကို မှန်းမျှော်လာခဲ့တာဖြစ်တော့ ရှေ့ကို သောတာပန်ဖြစ်အောင် မတတ်ပါဘူး၊ သောတာပန်ဖြစ်လုနီးပါး ကပ်လာတယ်ဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအကြောင်း ကောင်းကောင်းကြီးဖြစ်နေပါတယ်၊ ဒီတော့ ကိုယ်တိုင်ကျင့်လို့လဲပဲ သဗ္ဗညုတဉာဏ်တော်ကြီးကို မှန်းမျှော်လို့ရတယ်၊ ဘုရားသခင်များနဲ့တွေ့လို့လဲပဲ သဗ္ဗညုတဉာဏ်တော်ကြီးကို မှန်းမျှော်လို့ရတယ်၊ ဘုရားများကို မှီပြီး ကိုယ်တိုင်လည်းပဲ ကျင့်စဉ်ကျင့်ခန်းတွေ ကျင့်ခဲ့လို့မို့ နောက်ဆုံးဘဝကျတော့လဲ ဒီအထုံတွေ ကပါပြီးသားမို့လို့ ကျင့်စဉ်ကျင့်ခန်းတွေဟာ တိုးတတ်ပြီးတော့ ကိုယ်တော်တိုင်ဆရာမရှိဘဲနဲ့ သဗ္ဗညုတဉာဏ်တော်ကြီးကိုရအောင် ကျင့်နိုင်ပါတယ်၊ သိနိုင်ပါတယ်။

"လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပါယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွှမ်းထုံသင်းကြူ၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်"...

**သယမ္ဘူ**ဆိုတာ ကိုယ့်ဘာသာ ကိုယ်ရတာ၊ ရနိုင်ရဲ့လားဆိုတော့ ရနိုင်တာပေါ့လေ၊ ခုနကပြောခဲ့ပြီမဟုတ်လား၊ ဘဝပေါင်းများစွာက ဒီဉာဏ်ကိုရဘို့ရန် သီလစတဲ့ ပါရမီတော်တွေကို ပြုတိုင်းပြုတိုင်း ဒီဉာဏ်တော်ကို ဆုတောင်းခဲ့တယ်၊ နောက်တော့ ကိုယ်တိုင်ရဟန်းပြုပြီးတော့ ကျင့်တော်မူခဲ့တယ်၊ ဒီနားရောက်ရောက်လာခဲ့တယ်၊ ဒါ့ကြောင့် ရပါတယ်၊ ရပါတယ်၊ ဒီဉာဏ်ကို ကိုယ်တိုင် ရပါတယ်။

"ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား..."

အဲဒီ ကိုယ်တိုင်သိတော်မူတဲ့ ဒီအရဟတ္တမဂ်ဉာဏ်နဲ့ ကိလေသာတွေရှင်းသွားလိုက်တာ၊ ရှင်းသွားလိုက်တာ၊ ဒီနားရပ်ပြောမယ်လေ၊ ဒီကို စိတ်ဝင်စားပြီးတော့ အသံကိုယူနေကြတဲ့ အသံကိုဖမ်းယူနေကြတဲ့ ဒကာတွေကို ဘုန်းကြီးက "တရားနာရင်းနာရင်း သီလဆောက်တည်ထားရင် ကောင်းတယ်နော်၊ မနေ့ကသီလဆောက်တည်ပြီးတော့ ဝတ်ဖြူစင်ကြယ်နဲ့ ကိုယ့်ကိုယ်ကို ပါရမီဖြည့်နေတာပဲလို့ ဒီလိုနားလည်ထားရင် ကောင်းတယ်နော်" လို့ သတိပေးထားတယ်။

အဲဒီတော့ ဒီလိုပုဂ္ဂိုလ်တွေရဲ့စိတ်မှာ (ကိုယ့်စိတ်ကို ပြန်တွေးကြည့်လိုက်စမ်း၊) ငါ့မှာ ယခု လောဘဖြစ်ပါဆိုလို့တောင်မှ လောဘမဖြစ်ပါဘဲလား၊ ဒေါသ,မာန ဖြစ်ပါဆိုလို့ မဖြစ်ပါဘဲလား၊ ခဏလေးခဏလေး ကိလေသာတွေ ကင်းနေလိုက်တာ၊ ကင်းနေလိုက်တာ၊ ဣဿာ မစ္ဆရိယလဲမရှိ၊ ဘာလဲမရှိ၊ စိတ်တွေသန့်ရှင်းနေလိုက်တာ၊ ဘုရားလောင်းကျတော့ တရားကိုကျင့်နေတဲ့ရက်ပေါင်း, လပေါင်း, နှစ်ပေါင်းများစွာကြောင့် ကိလေသာတွေက ရှင်းလာတဲ့အပြင် နောက်ဆုံး အရဟတ္တမဂ်ဉာဏ်ရတော့ ကိလေသာတွေအကုန်လုံး ပြုတ်ပြုတ်ပြန့်အောင် ရှင်းသွားပါတယ်။

ဒါကြောင့် "ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရှင်း

သား…" စိတ်ကူးကြည့်ပါနော်၊ အဲ၃၅-နှစ် အရွယ် ဘုရားဖြစ်တော့မယ်။ ဗောဓိညောင်ပင်အောက်မှာ တရားနှလုံးသွင်းနေပါပြီ၊ ကိလေသာတွေ အရဟတ္တမဂ်ဉာဏ်ရလိုက်မှ အကုန်လုံးရှင်းသွားပါပြီ၊ စိတ်တော်အင်မတန် ကြည်လင်နေပါပြီ။

"သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရှင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏…"

**မဟာကရုဏာ**ဆိုတာ နည်းနည်းကရုဏာမဟုတ်ဘူး၊ ဒီမိမိ မိဘများကပေါ့လေ၊ ကိုယ့်စိတ်ဖြစ်ပုံကလေးကို စဉ်းစားကြည့်စမ်း၊ သားကလေးတစ်ယောက်ရလာတယ်၊ ကိုယ့်သားကလေးအပေါ် မေတ္တာရေ ကရုဏာရေ ဖြစ်ပေါ်လာလိုက်တာ၊ မရခင်တုန်းက ဒီမေတ္တာ ကရုဏာမျိုးမဖြစ်ခဲ့ဘူး၊ သားကလေးရလာတယ်ဆိုရင် ဒီကရုဏာဖြစ်လာပြီ၊ ဆန်းတာ၊ ဆန်းတာ၊ အင်မတန်ဆန်းတာ၊ တရားသဘောက ဘယ်သူမှလုပ်ပေးနေတာ မဟုတ်ဘူး၊ နောက်တခါ သမီးဆိုပါတော့၊ အဲဒီ ၂-ယောက်အပေါ်မှာ မေတ္တာ ကရုဏာ နည်းမသွားဘူး၊ လျော့မသွားဘူး၊ နောက်ထပ် လဲကြီးလာပြန်တယ်၊ ဒီလိုပေါ့ သားတွေ သမီးတွေ နောက်တော့ မြေးတွေ၊ ဒီလိုကျတော့ ဒီမေတ္တာ ကရုဏာဟာ ပိုပြီးတော့ ကျယ်ပြန့် ကျယ်ပြန့်လာတယ်၊ ဗုဒ္ဓမြတ်စွာက အားလုံးဝေနေယျသတ္တဝါတွေကို သားတော်တွေ သမီးတော်တွေ မေတ္တာစစ်စစ်နဲ့ ဆင်းရဲမှာစိုးတော်မူလိုက်တာ အပါယ်လေးပါးကို ကိုယ်တော်တိုင် ဒိဗ္ဗစက္ခုဉာဏ်နဲ့ မြင်ထားလို့မို့ အပါယ်ငရဲမှာ ဒုက္ခတွေ ပြိတ္တာဒုက္ခတွေ မြင်ထားလို့မို့ အဲဒီငရဲရောက်သွားမှာ, ပြိတ္တာဖြစ်သွားမှာ စိုးတော်မူလိုက်တာ၊ မေတ္တာတော် ကရုဏာတော် ကြီးမားတော်မူလိုက်တာ၊ အဲဒါကြောင့် မဟာကရုဏာတော် အင်မတန်ကြီးကျယ်ကဲ့ မဟာကရုဏာ။

တွေးတွေးခေါင်ခေါင်… ပြောရရင် အင်မတန် ပစ္စည်းတွေပြည့်စုံပြီးတော့ ချမ်းသာနေပေမဲ့ "အို…ခုဘဝချမ်းသာတာဟာ တော်တော်ကြာတော့ ဘဝတစ်ခုပြောင်းလိုက်လို့ရှိရင် ဒီပစ္စည်းတွေ အကုန်လုံးပစ်ထားခဲ့ရမှာ၊ ကုသိုလ်ဖြစ်မှ နောက်ဘဝသံသရာမှာ အကျိုးဖြစ်မှာ"၊ အဲဒါတွေ မြင်ပြီးတော့ ချမ်းသာတဲ့လူကိုလည်း သနားတော်မူတယ်၊ မဟာကရု

ဏာတော်က ဒီပင်္ကရာမြတ်စွာဘုရားနဲ့တွေ့တော်မူကတည်းက ကိန်းဝပ်ပြီးတော့လာတဲ့ မဟာကရုဏာတော်ဟာ ဘုရားဖြစ်တော်မူတော့လဲ မပျောက်ပါဘူး၊ အဲဒီမဟာကရုဏာတော်ကြီးမားတဲ့အပြင် "သမ္ဗောဓိ-အလုံးစုံကို အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်တော်ကြီး"ကို အရဟတ္တမဂ်ရသည်နှင့်တပြိုင်နက် ရတော်မူပါတယ်။

**"သယံ ဗုဒ္ဓေါ သမ္ဗောဓေသိ"**.. အဲဒီလို ဉာဏ်တော်ကြီး ကြီးကျယ်..တဲ့ ပုဂ္ဂိုလ်၊ လက္ခဏာကြီးငယ် အသွယ်သွယ်နဲ့ သပ္ပါယ်တဲ့ရုပ်ပုံတော်မှာ မဟာကရုဏာဉာဏ်တော်ကလဲ အင်မတန်ကြီးကျယ်တယ်၊ ကိလေသာတွေကလဲ အကုန်လုံးရှင်းလို့ စိတ်တော်က ကြည်လင်နေတယ်၊ မဟာကရုဏာဉာဏ်တော်ကလည်း အင်မတန်ကြီးကျယ်တယ်၊ သတ္တဝါတွေကို အင်မတန်သနားတော်မူတယ်၊ သဗ္ဗညုတဉာဏ်တော်ကလည်း အင်မတန်ကြီးကျယ်တော်မူပါတယ်၊ အဲသလိုပုဂ္ဂိုလ်ကိုမှ ဗုဒ္ဓလို့ အဲဒီလိုဘွဲ့ထူးရနိုင်ပါတယ်။ သာမန်အတုအယောင်တွေဟာ ဗုဒ္ဓအစစ်မဖြစ်နိုင်ဘူး။

"လက္ခဏာတော်ကြီးငယ်၊ အသွယ်သွယ်ဖြင့်၊ သပ္ပါယ်လှစွာ၊ ကိုယ်အင်္ဂါဝယ်၊ ပါရမီတော်အဟုန်၊ ကိုယ်လုံးခြုံ၍၊ မွမ်းထုံသင်းကြို၊ သယမ္ဘူဟု၊ ဉာဏ်တူကင်းလတ်၊ အရဟတ်ဖြင့်၊ သတ်ဖြတ်ခပင်း၊ ကိလေရှင်းသား၊ ဉာဏ်ရှင်းမဟာ၊ ကရုဏာနှင့်၊ သမ္မာသမ္ဗောဓိ၊ အစရှိလတ်၊ ဉာဏ်တော်မြတ်၏၊ ကိန်းဝပ်စံပျော်၊ ခန္ဓာပေါ်ဝယ်၊ ဘွဲ့တော်ဗုဒ္ဓ၊ တင်ပါရသည်၊ လောကထွတ်ထား၊ မြတ်စွာဘုရား...."

သာဓု...သာဓု...သာဓု...။

**(အရှင်ဇနကာဘိဝံသ)**

**နောက်လဆက်ရန်**



# ဓမ္မကို အဆုံးရှုံးမခံလေသူ

ပြည့်သခင်

"ကိုယ့်ဆရာ ခုံနံပါတ် ဘယ်လောက်လဲ"

"နှစ် ပါ"

"ဒါဆို ရှေ့ဘက်မှာ၊ ဟို ဘုန်းဘုန်းကြီး ရဲ့ ဘေးနားက ထိုင်ခုံပဲ"

ကားစပယ်ယာလေး ညွှန်ပြသည့်ထိုင်ခုံ ဘက်သို့ လှမ်းကြည့်လိုက်သည့်အခါ ဆရာတော်ကြီးတစ်ပါး သီတင်းသုံးနေသည်ကို တွေ့လိုက်ရလေ၏။ သက်တော် ဝါတော်ရ ဆရာတော်ကြီးတစ်ပါးနှင့် တစ်လမ်းလုံးနီးနီးကပ်ကပ် ထိုင်လိုက်ရမည်ဖြစ်သောကြောင့် အနေများကျုံ့လေမလားဟု စိတ်ထဲတွေးမိလိုက်သေးသည်။ သို့ရာတွင် ဘာသာ သာသနာနှင့် အနေစိမ်းသူမဟုတ်သဖြင့် မနှစ်လိုသည့်သဘောတော့မရှိချေ။

"ဆရာတော်ဘုရား၊ တပည့်တော်ရဲ့ ထိုင်ခုံနံပါတ်က ဒီနေရာမို့လို့ ထိုင်ခွင့်ပြုပါဘုရား"

ဆရာတော်ကြီးက ကျွန်တော်ကို တစ်ချက်လှမ်းကြည့်ပြီး ညင်သာစွာခေါင်းညိမ့်ပြတော်မူ၏။ ထို့နောက် မျက်လွှာပြန်ချ၏။ ကမ္မဋ္ဌာန်းတရား နှလုံးသွင်းနေပုံရသည်။ ကျွန်တော်လည်း ထိုင်ခုံပေါ်တွင် နေရာယူပြီး ခရီးဆောင်အိပ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်၏။ သို့သော် စာဖတ်ရန်အတွက် လုံလောက်သည့် အာရုံစူးစိုက်မှုကို စုစည်းယူ၍ မရနိုင်ဘဲ ရှိလေသည်။ ဆရာတော်ကြီး နေရာတွင် အခြားခရီးသည် တစ်ဦးသာ ဖြစ်ပါက အလ္လာပ သလ္လာပစကား တစ်ခွန်းတစ်လေတော့ စပြောမိမည်မှာ သေချာလေသည်။ ယခုအခါ မျက်စိကို ဟိုဝေ့သည်ဝေ့ လုပ်ရင်းဖြင့်ပင် စိတ်ဆောက်တည်ရာမရခြင်းကို ကုစားရလေသည်။

"မောင်ရင်..၊ မင်းအဆင်ပြေသလို သက်သောင့် သက်သာဖြစ်အောင်နေနော်၊ ကြားလား...၊ ငါ့ဘေးနားမှာမို့ အနေခက်နေမှာစိုးလို့"

"မှန်ပါ့ဘုရား၊ ရပါတယ်"

ဆရာတော်ကြီးက ကျွန်တော်ကို စကားလှည့်ပြောတော်မူလေ၏ ထိုအခါတွင်မှ ဆရာတော်ကြီး၏ ဥပဓိရုပ်ကို အသေအချာ သတိထားကြည့်မိလိုက်သည်။ သက်တော် (၆၀) ကျော်ခန့်ရှိပြီး ဖြူဖြူထွားထွား ခန့်ခန့်ငြားငြား



၀၃၂၂၈

ကြီးဖြစ်လေ၏။ စကားပြောလိုက်သည့် အသံတော်ကလည်း အလွန်တရာ ကြည်လင်လေးနက်အောင်မြင်သဖြင့် အထူးတလည်ကြည်ညိုဖွယ်ဖြစ်လေသည်။ ကျွန်တော်လည်း ဆရာတော်ကြီး မျက်လွှာပြန်ချမသွားခင် အခွင့်ကောင်းယူ၍ သိလိုသည်များကို မေးလျှောက်ရန်စကားစလိုက်လေ၏။

"ဆရာတော်က ရန်ကုန်အထိကြွမှာလားဘုရား"

"အေး ဟုတ်တယ်ကွ၊ မသေခင်ရွှေတိဂုံဘုရားကြီးသွားဖူးချင်လို့"

"အော်..တင်ပါ့။ အရင်ကမရောက်ဖူးသေးဘူးလားဘုရား"

"ဘယ်ရောက်ဖူးမှာလဲကွ၊ တောမှာမွေး၊ တောမှာကြီးပြီး၊ တောမြို့လေးမှာပဲစာသင်၊ တောဘုန်းကြီးပဲလုပ်နေတာ၊ ခုမှရန်ကုန်ကိုသွားဖြစ်တော့တယ်"

"အော်.. မှန်ပါ့ ဟိုရောက်ရင် တည်းစရာ ခိုစရာအတွက် ဒကာ ဒကာမအိမ်တို့၊ အသိအကျွမ်းဘုန်းကြီးကျောင်းတို့ ဘာတို့တော့ရှိတယ်မဟုတ်လား ဘုရား"

"ဒါတွေကတော့ မလိုအပ်ပါဘူးကွာ၊ နီးစပ်ရာဘုန်းကြီးကျောင်းမှာ ဝင်တည်းရမှာပေါ့၊ တစ်ရက် နှစ်ရက်လောက်နေမှာပဲ"

ဆရာတော်ကြီးသည် ကျွန်တော်က စကားရှည်နေသဖြင့် အချိန်အတော်ပေးလိုက်ရလေ၏။ ထို့ကြောင့် အလိုက်တသိဖြင့် ပြန်လည်နှုတ်ဆိတ်နေလိုက်မိသည်။ ဆရာတော်ကြီးကို ကြည့်ရသည်မှာ ဖော်ဖော်ရွေရွေရှိသော်လည်း သမာဓိကိုတော့အပျက်ခံဟန်မရှိ။ ကျွန်တော်စကားပြတ်သွားသည်နှင့် တပြိုင်နက် မျက်လွှာကိုပြန်ချသွားလေသည်။ ဆရာတော်ကြီးနှင့်စကားပြောပြီးသည့်နောက် ထူးခြားသည်မှာ ကျွန်တော်စိတ်ထဲတွင် ဆရာတော်ကြီးကို တစ်ခုခု ကပ်လှူချင်သည့် သဒ္ဓါတရားတဖွားဖွား ဖြစ်ပေါ်လာခြင်းဖြစ်၏။ ကားပေါ်တွင်ဖြစ်သောကြောင့် ကပ်စရာလှူစရာလည်း မရှိချေ။ သို့ဖြစ်၍ ထမင်းစားနားသည့်အခါကျမှ ဆွမ်းကပ်ဖြစ်အောင် ကပ်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်လေတော့သည်။

အဝေးပြေးမှန်လုံကားကြီးသည် ကျွန်တော်တို့ ခရီးသည်များကို တင်ဆောင်၍ တရိပ်ရိပ် ပြေးလွှားနေလေ၏။ ကျွန်တော်အတွေးသည်လည်း ကားနှင့်အပြိုင် ကမ္ဘာပတ်နေသည်။ ဆရာတော်ကြီးမှာမူ ထုံးစံအတိုင်း မျက်လွှာချ၍ ကမ္မဋ္ဌာန်းတရားရှုမှတ် ပွားများတော်မူနေလေ၏။ နာရီလက်တံသည်လည်းသူ့အလုပ် သူလုပ်နေပေလိမ့်မည်။

"ကဲ ခရီးသည်များအားလုံး ဒီနေရာမှာ

ကားကို နာရီဝက်လောက်နားပါ့မယ်။ ကျန်းမာရေးကိစ္စတို့ နေ့လည်စာကိစ္စတို့အတွက် အောက်ဆင်းကြပါခင်ဗျား"

ကားစပယ်ယာ၏ အော်သံကိုကြားသော အခါ ဆရာတော်ကြီးက ကျွန်တော့်ကို စကားစပြောတော်မူလေ၏။

"မောင်ရင်လေး ဘယ်နှစ်နာရီရှိပြီလဲ ကွယ့်"

"ဆယ့်တစ်နာရီခွဲပါဘုရား၊ ဆရာတော် ဆွမ်းချိန်မီပါတယ်ဘုရား၊ ကြွပါဘုရား ကြွပါ"

ဆရာတော်ကြီးသည် ကားပေါ်မှဆင်း၍ ဆိုင်ထဲသို့ ကြွတော်မူလေ၏။

"ဆရာတော် ကိုယ်လက်သန့်စင်ရေး လုပ်ဦးမလားဘုရား၊ ဒီဘက်ကနေ ကြွလို့ရပါတယ်"

"နေပါစေတော့ကွာ၊ ဆွမ်းချိန်လင့်သွားပါဦးမယ်"

ကျွန်တော်သည် ဆရာတော်ကြီးအတွက် ဆွမ်းတစ်ပွဲမှာပြီး ကပ်ခဲ့လိုက်တော့၏။ ထို့နောက်ရေကန်ဘက်သို့ သွား၏။ ခြေလက်ဆေး၏၊ မျက်နှာသစ်၏။ မှန်ကြည့်၏။ ကျွန်တော့်ကိစ္စပြီး၍ ထမင်းဆိုင်ထဲသို့ ပြန်ဝင်လာသောအခါ ဆရာတော်ကြီး၏ဆွမ်းဝိုင်းရှိရာသို့ ဦးတည်လိုက်၏။ လိုအပ်ချက်တစ်စုံတစ်ရာ ရှိမရှိ မေးလျှောက်ရန်ဖြစ်ပါ၏။ သို့သော် ကျွန်တော် နောက်ကျသွားလေသည်။ ဆရာတော်ကြီး၏ ဆွမ်းဝိုင်းဘေးတွင် သူဌေးလက္ခဏာရှိသော ပုဂ္ဂိုလ်များ ဝိုင်းဝိုင်းလည်နေသည်ကို တွေ့ရလေ၏။ အချို့က ယပ်ခပ်ပေးနေလေ၏။ အချို့က နီးစပ်ရာ သစ်သီးဆိုင်များမှ သင့်တော်မည့်အသီးများကို မှာယူ၍ အချိုပွဲအတွက် ပြင်ဆင်ပေးနေလေ၏။ ထမင်းဆိုင်အတွင်း၌ ဆွမ်းကပ်သည်နှင့် မတူဘဲ အခမ်းအနားတစ်ခုအတွက် အိမ်သို့ ပင့်၍ ဆွမ်းကပ်သည်နှင့်ပင် တူနေတော့သည်။ ဆွမ်းဖိုးကျသင့်ငွေကို ရှင်းပေးရန်မျှသာ တတ်နိုင်သည့်ကျွန်တော့်အတွက် ကြားဝင်ဖို့ရာ နေရာလပ်မကျန်တော့ချေ။ ထို့ကြောင့် မိမိဘာသာ ထမင်းတစ်ပွဲမှာယူစားသောက်၍ ကားထွက်ချိန်ကို စောင့်နေလိုက်ရတော့၏။

နာရီဝက်ခန့်ရှိသောအခါ ခရီးသည်များ အားလုံးကားပေါ်ပြန်တက်၍ နေရာယူကြလေသည်။ ကားဒရိုက်ဘာသည် ကားစထွက်ရန်ဟန်ပြင်လေ၏။ ကားစပယ်လေးက ခရီးသည်များ စုံမစုံ လိုက်စစ်ဆေးနေလေ၏။

"တပည့်တော်က ဆရာတော့်ကို နေ့ဆွမ်းကပ်မလို့ ဆုံးဖြတ်ထားတာဘုရား။ ဆရာတော့်ရဲ့ ဒကာဒကာမတွေဝိုင်းနေကြတာနဲ့ မကပ်လိုက်ရတော့ဘူး"

ဆရာတော်ကြီးကြွမည့် ခရီးစဉ်နှင့် ကျွန်တော်သွားရမည့်ခရီးစဉ်မှာ အတူတူပဲဖြစ်ကြောင်း ခရီးဆုံးသည်အထိ တက္ကစီငှါးပြီး အတူတူသွားလျှင် ပို၍ အဆင်ပြေမည်ထင်ကြောင်း တက္ကစီငှားခကိုလည်း လှူဒါန်းလိုပါကြောင်း လျှောက်ထား၏။ ဆရာတော်ကြီးက သဘောတူခွင့်ပြု၏။ ထို့အပြင် အခြားအခက်အခဲ မရှိလျှင် ကျွန်တော့်ကိုကပ္ပိယအဖြစ် လိုက်လိုကလိုက်နိုင်ကြောင်းပါ ဖိတ်ခေါ်၏။ ကျွန်တော်က အခက်အခဲမရှိကြောင်း ဆရာတော်ကြီးအတွက် လိုအပ်ပါက လိုက်မည်ဖြစ်ကြောင်းလျှောက်ထား၏။ ထိုအချိန်တွင် ကျွန်တော်တို့ စီးလာတဲ့ကားမှာ ရန်ကုန် အဝေးပြေးကားကြီးကွင်းအတွင်းသို့ ချဉ်းနင်းဝင်ရောက်လေတော့သည်။

ကားဂိတ်သို့ရောက်သောအခါ ကျွန်တော်က ဆရာတော်ကြီး၏ ခရီးဆောင်အိတ်နှင့် ကျွန်တော့်ခရီးဆောင်အိပ်ကို ဆွဲ၍ဆင်း၏။ ဆရာတော်ကြီးကိုလည်းပင့်၏။ ထို့နောက် ကားဂိတ်အတွင်း၌ ဆရာတော်ကြီးကို သီတင်း သုံးနားနေရန် လျှောက်ထားကာ အငှားယာဉ်အရှာထွက်၏။ သို့ရာတွင် ကားကွင်းတစ်ကွင်းလုံးနှံ့အောင်ရှာပါသော်လည်း ကျွန်တော်တို့သွားလိုသည့် ဇဟာန်းသုံးလမ်းအထိ လိုက်နိုင်မည့်ကား တစ်စီးတလေမျှ ရှာမရဘဲရှိလေ၏။ ထို့နောက် နောက်ဆုံးတွင် လက်လျှော့၍ ကားဂိတ်သို့ပြန်လာရလေ၏။

"ဟုက်သလားကွ"

"ဟုက်တယ်ဘုရား။ ဒါနဲ့ စောစောက ဆရာတော့် ဒကာဒကာမတွေ ဘယ်ကိုသွားကြတာလဲဘုရား"

"မသိဘူးလေကွာ။ ငါလည်းမမေးလိုက်မိဘူး။ သူတို့လည်း လမ်းကြုံတုန်း ကုသိုလ်လုပ်ကြတာနေမှာပါ။ ငါနဲ့လည်း သိတာမဟုတ်တော့..."

"ဟင်.. သူတို့က ဆရာတော်ရဲ့ အသိဒကာဒကာမတွေ မဟုတ်ဘူးလားဘုရား"

"မသိဘူး"

"ဩော်.. တပည့်တော်က ဆရာတော်နဲ့အရင်ကတည်းက သိထားကြတဲ့သူတွေမှတ်လို့ဘုရား"


ဤသို့ဖြင့် ကားပေါ်တွင် ဆရာတော်ကြီးနှင့်ကျွန်တော် တော်တော်ကြာကြာ စကားပြောဖြစ်လေသည်။ ဆရာတော်ကြီးက ကျွန်တော့်ရန်ကုန်ခရီးစဉ်အကြောင်းကို မေး၏။ ကျွန်တော်က စာရေးခြင်းကို ဝါသနာထုံသဖြင့် စိတ်ကူးပေါ်ရာ စာတိုစာပေများရေးပြီး ရန်ကုန်ရှိသင့်တော်ရာ မဂ္ဂဇင်းတိုက်များသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပေးပို့မည်ဖြစ်ကြောင်း လျှောက်ထား၏။ ဆရာတော်ကြီးက ကျွန်တော့်ကို ဒီလိုသာဆက်ကြိုးစားသွားရင် အောင်မြင်မှာပါဟု အားပေးစကားပြော၏။ ကျွန်တော်ကလည်း

ကားဂိတ်သို့ရောက်သောအခါ ဆရာတော်ကြီးသည် ဒကာတစ်ယောက်နှင့် စကားလက်စုံကျနေသည်ကို တွေ့ရလေ၏။ ကျွန်တော်အနီးအနားသို့ရောက်သွားသည့်အချိန်တွင် ဆရာတော်ကြီးက ကျွန်တော်ကို ညွှန်ပြ၍ "ကျုပ်ကပ္ပိယဆိုတာ သူပဲ" ဟု မိန့်လိုက်လေ၏။ ထိုအခါ ဆရာတော်ကြီး၏ ဒကာက ကျွန်တော်ဘက်သို့ လှည့်ကြည့်၍ "ညီလေး ကားသွားငှားတယ်ဆိုတာ အဆင်ပြေခဲ့လား" ဟု မေးလေ၏။ ကျွန်တော်က မပြေကြောင်း ရှင်းပြရ၏။ ထို့နောက် ဆရာတော်ကြီး၏ ဒကာက သူ့ကားပေါ်သို့ကြွရန် ဆရာတော်ကြီးကို လျှောက်၏။ ကပ္ပိယဖြစ်သူ ကျွန်တော့်ကိုလည်း ခေါ်လေ၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် ရန်ကုန်မြို့မှ လူကုန်ထံများစီးသော ဇိမ်ခံကားကြီးပေါ်သို့ ရောက်ရလေတော့သည်။ ထိုကားကြီးမှာ ကျွန်တော်မြင်ဖူးသမျှသော ဇိမ်ခံကားတကာတို့တွင် အကောင်းဆုံးနှင့် အဆင့်အမြင့်ဆုံးတည်း။

ကားပေါ်၌ ဆရာတော်ကြီးက ကားရှေ့ခန်းတွင် သီတင်းသုံးလိုက်ပါရ၏။ ကျွန်တော်က ကားနောက်ခန်းမှဖြစ်၏။ ဆရာတော်ကြီးက သူ့ထုံးစံအတိုင်း တရားရှုမှတ်၍ လိုက်၏။ ကျွန်တော်က ထုံးစံအတိုင်း စာအုပ်တစ်အုပ်ကို ကိုင်၍ ဟိုငေးသည်ငေးဖြင့် လိုက်၏။ စကားမဆိုဖြစ်ကြ။ တစ်ခါတစ်ရံတွင် ဆရာတော်ကြီး၏ ဒကာက ရန်ကုန်တွင် ကားရှုပ်ကြောင်း သတိထား၍ မောင်းနိုင်မှတော်ကာကျကြောင်း ကားမောင်းရင်းပြောတတ်၏။ ထိုအခါမျိုးတွင် ဆရာတော်ကြီးက ခေါင်းငြိမ့်ပြတော်မူသည်ကို တွေ့ရ၏။ ဤသို့ဖြင့် တစ်နာရီခွဲခန့်ကြာမြင့်သောအခါ ကျွန်တော်တို့စီးလာတဲ့ကားကြီးသည် ခြံဝန်းကျယ်ကြီးတစ်ခုရှေ့တွင် ရပ်လေ၏။ ကားရပ်ပြီး မရှေးမနှောင်းပင် ထိုခြံကြီး၏ သံဇန်းတံခါးကြီးသည် အလိုအလျောက်ပွင့်သွားလေ၏။ ထိုအချိန်တွင် တိုက်အိမ်ကြီးထဲမှ ကလေးနှစ်ယောက်အပြေးထွက်လာကာ "ဟေး ဖေဖေကြီးပြန်လာပြီကွ" ဟု အော်ဟစ်၍ ခုန်ကြ ပေါက်ကြရင်း ကားနားသို့ရောက်လာကြလေသည်။ ကလေးနှစ်ယောက်၏နောက်၌ အမျိုးသမီးကြီးတစ်ယောက်နှင့် အမျိုးသမီးငယ်တစ်ယောက်လည်းပါလာလေ၏။ အမျိုးသမီးကြီးက အိမ်ရှင်မဖြစ်ဟန်တူ၏။ အမျိုးသမီးငယ်က အိမ်အကူမလေးဖြစ်ဟန်တူ၏။

"သားတို့ သမီးတို့ သိပ်မဆူကြနဲ့ ဟိုမှာ ဘုန်းဘုန်းကြီးပါတယ်တွေ့လား၊ ရော့ ဒီမှာ မုန့်။ မြင့်ရေ ဘုန်းဘုန်းကြီးကို ကိုယ်ပင့်လာခဲ့တာ၊ နားနားနေနေ သီတင်းသုံးဖို့ အပေါ်ထပ်မှာ အိပ်ခန်းတစ်ခန်း အမြန်ပြင်လိုက်ပါကွယ်။ ဘုန်းဘုန်းကြီး ပင်ပန်းရောမယ်"....

နောက်လဆက်ရန်
ပြည့်သခင်




**ဘဝ၏အထောက်အပံ့များ**

ဘဝကိုထောက်ပံ့ထားတဲ့အကြောင်းတရား Supporting ပေါ့… ၄-မျိုးရှိတယ်။ ဒီနေရာမှာလည်း ဘယ်ဖန်ဆင်းရှင်၊ ဘယ်နတ်ဘုရား၊ ဘယ်ဘိုးတော်၊ ဘယ်ဘွားတော်ကမှ လာပြီးထောက်ပံ့ထားတာမဟုတ်ဘူး။ ကံရယ်၊ စိတ်ရယ်၊ ဥတုရယ်၊ အာဟာရရယ်… အဲဒီအကြောင်းတရားတွေ ထောက်ပံ့ထားတာ။

ဘဝကို အမျိုး ဘာသာ သာသနာအတွက် အသုံးချချင်တယ်ဆိုရင် အဲဒီ ဘဝ ကျန်းမာရမယ်၊ သက်တမ်းရှည်ရမယ်။ အဲဒီ ဘဝကျန်းမာဖို့ သက်တမ်းရှည်ဖို့ ဒီအကြောင်းတရားများကို အားကိုးရမယ်။

ကံကောင်းရမယ်၊ သီဟိုဠ်က ဝသဘမင်းကြီးကိုကြည့်၊ ဗေဒင်ဆရာတွေကို အားကိုးပြီး မေးလား မြန်းလားလုပ်တယ်။ ဗေဒင်ဆရာတွေက မင်းကြီးနောက်ထပ် ၁၂-နှစ်ပဲနေရမယ်တဲ့။ ဒါနဲ့ ဝသဘမင်းကြီး ဗေဒင်ဆရာတွေကို ခွေထားလိုက်ပြီးတော့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေဆီသွားတယ်။

"အသက်ရှည်ရာရှည်ကြောင်း နည်းလမ်းကောင်းလေးပေးပါဘုရား"ပေါ့။

ဘုန်းတော်ကြီးတွေက ပေးလိုက်တယ်။ အသက်ရှည်ချင်ရင်-

- ရေစစ်အလှူ
- ဆေးအလှူ
- ကျောင်းဟောင်းပြင်
- ကျောင်းသစ်ဆောက်
- ငါးပါးသီလမြဲပါစေ
- ရှစ်ပါးသီလဆောက်တည် တဲ့။

အဲဒီ ၆-ချက် မိန့်လိုက်တယ်။ အသက်ရှည်ချင်တဲ့ဘုရင်ကြီး၊ ဘုန်းကြီးများစကားကို အပြည့်အဝလိုက်နာတယ်။ အဲဒီမင်းကြီး နောက်ထပ် ၄၄-နှစ် အသက်ရှည်သွားတယ်။ အဲဒီကံကြောင့် ဘဝဟာအသက်ရှည်သွားတာ။

ပြီးတော့ ဘဝကို ကျားကန်ထားတာ စိတ်၊ ဆေးသုတေသနပညာရှင်တွေ ပြောကြတယ်၊ "လူနာတစ်ရာကို လေ့လာကြည့်ရင် စိတ်ကြောင့်ဖြစ်တဲ့လူနာ ၇၀ လောက် တွေ့ရတယ်"ဆိုပါပဲ။ ဒီတော့ စိတ်ချမ်းသာအောင်နေကြပါ။ ခပ်လွယ်လွယ်လေး ပြောရရင်တော့- "Live now ပစ္စုပ္ပန်နဲ့နေပါ"

Yesterday is but a dream- အတိတ်ဆိုတာ အိပ်မက်တစ်ခုပါ။ Like a dream- အိပ်မက်ပမာပဲပေါ့။ အိပ်မက်ထဲက ဘာမှ မရနိုင်ဘူး။ "Tomorrow is veiled thing- အနာဂတ် ဆိုတာ ပဝါဖုံးထားတဲ့ အရာဝတ္ထုတစ်ခုပဲ"တဲ့။ ဘာကိုမှ သေသေချာချာ မသိနိုင်ဘူး။ ဒီတော့ "Live now"ပေါ့။ "ပစ္စုပ္ပန်နဲ့နေပါ" တဲ့။

ဗုဒ္ဓစာပေရှုထောင့်ကကြည့်ရင် "စိတ္တာနုပဿနာ သတိပဋ္ဌာန်နဲ့နေပါ" စိတ်ဟာ လွှတ်ထားရင် အာရုံ ၅-ပါး ကာမဂုဏ်တွေဆီ သွားတော့တာ။ အဆင်းရူပါ လှလှလေးတွေနဲ့ ပျော်နေတယ်၊ အသံသာသာလေးတွေ၊ အနံ့မွှေးမွှေးလေးတွေ၊ အရသာကောင်းကောင်းလေးတွေ၊ အထိအတွေ့ နူးနူးညံ့ညံ့လေးတွေနဲ့ ကျေနပ်နေတယ်။ ဒါပဲမဟုတ်လား။ စာလိုပေလိုဆိုတော့ ကာမသုခလ္လိကာနုယောဂအစွန်းပေါ့။

စိတ်ကို သွားမချုပ်နဲ့၊ ရေငုတ် မီးလှုံ့ တုံးခုန် ဇယ်ခတ်ဆိုတာမျိုးပေါ့။ စိတ်ဟာ သူ့ကိုသွားချုပ်ရင် ပြန်ကန်မယ်။ စိတ်ကပြန်ကန်ရင် နှလုံးသားဒဏ်ရာ (Trauma) ဖြစ်ပြီး ကျန်နေခဲ့မယ်။ Trauma ဖြစ်ကျန်နေရင် ရုပ်နာပြီ၊ ရုပ်နာရင် ဘဝဆိုတာ ယိုင်လဲချည့်နဲ့ သွားလိမ့်မယ်၊ အတ္တကိလမထာနုယောဂဆိုတာ အစွန်းတစ်ခုပဲ၊ အစွန်းရောက်တာပေါ့။စာပေကတော့ Torture တဲ့။ ကိုယ့်ကိုယ်ကို ညှင်းဆဲမှုပေါ့။ The act of causing sever pain in order to punish them အပြစ်ပေးဖို့ အပြင်းအထန် နာကျင်စေတဲ့ အပြုအမူ။ Mental or physical sufering- စိတ်ဆင်းရဲ ကိုယ်ဆင်းရဲစေခြင်း၊ ဒါ Torture။

ဒီတော့ စိတ္တာနုပဿနာသတိပဋ္ဌာန်ဆိုတာ စိတ်ဖြစ်တိုင်း သိနေဖို့ပါပဲ။ ဒါ-ဝိပဿနာပဲလေ။ ဝိပဿနာဆိုတာ အတိတ်ရုပ် အတိတ်နာမ်တွေကို ရှုရမှာ မဟုတ်ဘူး။ အနာဂတ်ရုပ်၊ အနာဂတ်နာမ်တွေနဲ့ နေရမှာလည်း မဟုတ်ဘူး။ ပစ္စုပ္ပန်ရုပ်တွေ နာမ်တွေနဲ့ နေတာပဲလေ။ ဒါကြောင့် စိတ်ချမ်းသာချင်ရင် စိတ္တာနုပဿနာ သတိပဋ္ဌာန်နဲ့နေပါ-ပေါ့။ စိတ်ချမ်းသာ ရုပ်ကျန်းမာဆိုတာ အသေအချာပါပဲ။

နောက်တစ်ကြောင်းက ဥတုပါ။ ဥတုဆိုတာ Weather ၊ အပူနဲ့ အအေးပေါ့။ ပြောရရင်တော့ အကျယ်ကြီးပဲ။ Exercise လုပ်တာတွေ၊ တစ်ကိုယ်ရည် သန့်ရှင်းအောင်နေတာတွေ၊ ပတ်ဝန်းကျင်ကောင်းအောင် ဆောင်ရွက်တာတွေ၊ တစ်နိုင်ငံလုံး မြောင်းပုပ် ရေပုပ်နဲ့ အမှိုက်သရိုက်ကင်းစင်ဖို့တွေ စုံလို့စုံလို့။ ဒါပေသိ-ဥတုဆိုတာ အပူနဲ့အအေးဆိုတော့ အပူနဲ့ အဆင်ပြေအောင်နေ၊ အအေးနဲ့ တည့်အောင်ပေါင်းလို့သာ တိုတိုပြောလိုက်ပါရစေတော့။ ရှေးလူကြီးတွေ စကားနဲ့ဆို 'ရေချိုး မိုးချိုး ဂရုစိုက်'တဲ့။

အာဟာရဆိုတာက အစားအသောက်။ ဒါလည်း မီးပဲ။ ဗမာတွေ ပြောကြတယ်လေ 'အစားအသောက် မီးလိုတောက်၊ အလုပ်အကိုင် ခွေးလိုမှိုင်'တဲ့။ ဒါကတော့ လှံ့လနဲ့ ပတ်သက်လို့ ပြောကြတာပါ။ တကယ်တော့ အစာဆိုတာ မီးပဲ၊ မကိုင်တွယ်တတ်ရင် အဲဒီမီးကြောင့်ပဲ ဘဝဟာ သက်တမ်းတိုသွား

တာပဲ။ ကျန်းမာရေး ညံ့သွားတာပဲ။ အဲဒါ မီးပေါ့နော်၊ အစားအသောက်ကို သတိနဲ့ စားနိုင်ရင် အသက်ရှည်တာပဲ။ ဒီလိုမှ မဟုတ်ရင်တော့ ဘဝနာမယ်၊ သက်တမ်းတိုမယ်။ ဆရာအောင်သင်း ပြောခဲ့တဲ့ စကားလေးနဲ့ ထပ်ပြီး သတိပေးလိုက်ပါတယ်။ "Most people are digging their graves with forks and spoons" 'လူတို့သည် မိမိသေတွင်းကို ဇွန်းခရင်းဖြင့် တူးကြကုန်၏' တဲ့။ အစားအသောက် သတိပါပဲ။ ဒါမှ ဘဝကိုရှည်ရှည်မွေးမြူလို့ရမှာ။ ဒါတွေ ဒါတွေဟာ ဘဝကို ထောက်ပံ့ထားတဲ့ အကြောင်းတရားတွေပါပဲ။

ဘဝကို ဖျက်ဆီးနေတဲ့ အဖျက်သမား (Destroyer)များကတော့ လောဘ၊ ဒေါသနဲ့ မောဟ တရားဆိုးတွေပါပဲ။ လောဘကြီးလို့ လိမ်ကြည့်ပါလား၊ (၄၂၀)နဲ့ ဘဝပျက်ပြီ။ ဒေါသသိပ်ကြီးပြီး လူသတ်မှုကျူးလွန်ကြည့်ပါလား။ (၃၀၂)နဲ့ go to the jail ပေါ့။ မောဟရဲ့အကြောင်းတော့ မပြောပါနဲ့။ အလွန်ကျယ်ပြန့်ပါတယ်။ ဘဝရဲ့ ဦးခေါင်းဆိုတာလည်း မောဟပဲ။ ဘဝဟာ မောဟကြောင့် ပေါ်ပေါက်လာတာ၊ အဲဒီဘဝကို မောဟကပဲ ပြန်ဖျက်ဆီးလိုက်တယ်။ ဒီမောဟပဲ။ လောဘလည်း ဒီမောဟကြောင့်ဖြစ်တာ။ ဒေါသကလည်း မောဟကြောင့် ဖြစ်တာပဲ။ ဒါကြောင့် ဘဝကို ပြန်ဖျက်လိုက်တာ လောဘ၊ ဒေါသ၊ မောဟတို့ပဲ။

'ဘဝရဲ့ထွက်ပေါက်' … ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတွေပေါ့။ ဗုဒ္ဓဘာသာတွေမှာ အဲဒီ လုပ်ငန်းတာဝန် လေးရပ်ရှိတယ်။ 'ကျွန်တော်တို့လည်း ဒါတွေ လုပ်နေတာပဲ၊ ထွက်ပေါက် မဖြစ်သေးပါဘူး' လို့ Complain တက်စရာရှိတယ်။ ရည်ရွယ်ချက် မမှန်လို့ပါ။

ရည်ရွယ်ချက်နဲ့ပတ်သက်ပြီး စာရေးဆရာတစ်ယောက် ပြောတဲ့စကားကိုပဲ ယူပြီး ပြောပါရစေ။ အဲဒီစာရေးဆရာကပြောတယ်။ ကမ္ဘာ့ဘာသာကြီး ၄-ခုရှိတယ်၊ Branch ပေါ့နော်၊ ဂိုဏ်းကွဲ လိုင်းကွဲ တွေနဲ့ကြည့်ရင် ဘာသာတွေ အများကြီးပေါ့။ ကမ္ဘာမှာရှိတဲ့ဘာသာတွေထဲမှာ ဗုဒ္ဓဘာသာကလွဲရင် ဘာသာအများစုဟာ-

To Believe ယုံလား-ယုံတာပေါ့၊ အေး-ယုံရင်ပြီးပြီ။

ဟင့်အင်း ဗုဒ္ဓဘာသာက ယုံကြည်နေရုံနဲ့ မပြီးသေးဘူး။

To Worship ပူဇော်မလား-ပူဇော်မယ်၊ ပူဇော်နေရင် အခြားဘာသာတွေက ပြီးပြီ။

ဟင့်အင်း-ဗုဒ္ဓဘာသာတွေက ဆီမီး၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဒါတွေလှူနေရုံနဲ့ ဗုဒ္ဓဘာသာက တာဝန်မကျေသေးဘူး။

To pray ဆုတောင်းတယ်··ပြီးပြီ။ ပြည့်ချင် ပြည့်မယ်၊ မပြည့်ချင် မပြည့်ဘူး။

ဗုဒ္ဓဘာသာတွေမှာလည်း ဆုတောင်းမှုဆိုတာ ရှိပါတယ်။ ဆုတောင်းနေရုံနဲ့တော့ မပြီးသေးဘူး။

ဗုဒ္ဓဘာသာဆိုတာ-

To Learn သင်ယူမယ်၊ ဘယ်လောက် သင်ပြီးပြီလဲ-စဉ်းစား။

To practise လက်တွေ့လုပ်ငန်းတွေ ဘယ်လောက်လုပ်ပြီးပြီလဲ။

To penetrate သစ္စာလေးပါး (အမုန်လေးမျိုး)ကို ထွင်းဖောက် သိမြင်ဖို့။ ဒါ-ဗုဒ္ဓဘာသာတို့ရဲ့ ပန်းတိုင်၊ ဒါသည် ပင်လျှင် ထွက်ပေါက်မဟုတ်ဘူးလား။

ဒါနပြုတယ် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ဖို့ ရည်ရွယ်ပါ။ (လေးလေးနက်နက်နော်)။ ဒါဆို ဒါနသည် ထွက်ပေါက်။

သီလဆောက်တည်တယ်၊ သစ္စာလေးအင်ကို ထိုးထွင်းသိမြင်ဖို့ ရည်ရွယ်ပါ။ ဒါ-ထွက်ပေါက်ပဲ။

သမထလုပ်တယ်၊ ဂုဏ်တော်ပွားတယ်၊ မေတ္တာပို့တယ်၊ ပဋ္ဌာန်းရွတ်တယ်၊ ရာထူးတက်ဖို့၊ ရာထူးကြီးဖို့၊ ချမ်းသာဖို့၊ ဒါတွေဟာ ထွက်ပေါက် မဖြစ်နိုင်ဘူး။ သစ္စာသိဖို့ ရည်ရွယ်မှ ထွက်ပေါက်၊ ဝိပဿနာလုပ်တယ် ဆိုတာကတော့ အထူးပြောစရာမလိုတော့ပါဘူး။ မူလကတည်းက ထွက်ပေါက်ဖြစ်ဖို့ ကြိုးစားအားထုတ်ကြတာပဲ။ ဒါကြောင့် ဘဝရဲ့ ထွက်ပေါက်။ ဒါ့ကြောင့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာလို့ ပြောခဲ့တာပါ။

ချုပ်လိုက်တော့··· ဘဝဆိုတာ ဖြစ်နေတာပါ။ တစ်ဆင့်တက် သိရမှာကတော့


ဖြစ်ပြီးရင် ပျက်စီးမှာပဲလို့။ တစ်နည်းအားဖြင့်ပြောရရင် ဘဝဆိုတာ 'လောကရဲ့သံတူကြောင်းကွဲ အမည်တစ်မျိုးပဲ။ လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော-ဖြစ်ပျက်နယ်ထဲ ရှိနေတာလောက-တဲ့။ သူက ဘဝရဲ့အဓိပ္ပာယ်လို ဖြစ်နေရုံတင်မကဘူး။ အပျက်လည်း ပါတယ်။ ပိုပြီး ခြုံငုံမိတယ်။ အဲ··· အဲဒီအဖြစ်အပျက်က လွန်သွားရင်တော့ လောကုတ္တရာပေါ့ဗျာ။ (လောကတော ဥတ္တရန္တိ လောကုတ္တရံ) ဗုဒ္ဓဘာသာဟာ အဲဒီ ဖြစ်ပျက်ဆိုတာမြင်ဖို့ အလုပ်လုပ်ရမယ်။ ဘဝအကြောင်း သိအောင် ကြိုးစားရပါမယ်။ ဘဝရဲ့သဘာဝ မှန်ကို သိဖို့လိုတယ်၊ ယထာဘူတံ ပဇာနာတိ- အရှိအတိုင်း သိရမယ်၊ As really they are!

ဘဝဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးတာ အဝိဇ္ဇာ(မသိမှု)၊ တဏှာ (လိုချင်မှု)၊ ဥပါဒါန်(စွဲလမ်းမှု)၊ ကံ(အားထုတ်မှု)တွေပါ။ ဗုဒ္ဓဘာသာဆိုတာ မသိတာကို သိအောင် လုပ်ဖို့၊ ကံကို ဉာဏ်ဖြစ်အောင် လုပ်ဖို့ပါပဲ။

ဘဝကို ကျားကန်ထားတာက ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ပါပဲ။ ရရှိလာတဲ့ ဘဝတွေကို ရေရှည်အသုံး ချချင်ရင်၊ Apply လုပ်ချင်ရင် ကံကောင်းအောင်လုပ်၊ စိတ်ချမ်းသာအောင်နေ၊ ဥတုနဲ့ တည့်အောင်ပေါင်း၊ အာဟာရကို သတိနဲ့ မှီဝဲကြပါ···။

ဘဝကို ဖျက်ဆီးနေတဲ့ လောဘ ဒေါသ မောဟတွေကို ပါးနိုင်သမျှ ပါးအောင် ကြိုးစားကြပါ။ ပြီးတော့ ဘဝရဲ့ထွက်ပေါက်ဖြစ်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတွေကို To penetrate ပေါ့···။ သစ္စာလေးအင် သိမြင်ဖို့ ကြိုးစားကြပါ။ ရှင်တော်ဗုဒ္ဓကလည်း သစ္စာလေးအင် သိမြင်ဖို့ ကောင်းမှုအားထုတ်ခြင်းကို 'သမ္မာ ပဋိပဒါ= အကျင့်မှန်ဖြစ်တယ်' လို့ ဟောခဲ့တာ မဟုတ်ပါလား···။

ကိုရင်ရွှေဖျိုး-နေနတ်သား




သံဝရမင်းသားသည် ဗာရာဏသီမင်းကြီး၏ သားတော် တစ်ရာတွင် အငယ်ဆုံးသော မင်းသား ဖြစ်လေသည်။



# ပညာရှိကို ဆည်းကပ်ရသော သံဝရမင်းသား

မင်းကြီးသည် သားတော်တစ်ရာတို့ကို အတတ်ပညာသင်ရန် အမတ်ပညာရှိတို့ထံ အသီးသီး အပ်နှံထား၏။



▸ တက္ကသိုလ်ဘုန်းသီရိ
<ဓမ္မာစရိယ ဘီအေ>


▸ ပန်းချီတင်ထွန်းထွန်း


သံဝရမင်းသား၏ ဆရာကား အသိ
ပညာအမြော်အမြင် ပြည့်စုံသူ ဖြစ်၏။
သားတော်များအတတ်ပညာ အသီးသီး တတ်မြောက်သောအခါ
မင်းကြီးက မြို့စား ရွာစား ပေး၍ အဝေးသို့ လွှတ်လေသည်။


သံဝရမင်းသားသည် ပညာရှိဆရာ၏ အကြံပြုချက်အရ ခမည်းတော်မင်းကြီးကို ဤသို့ လျှောက်တင်သည်။
ခမည်းတော်ဘုရား ... သားတော်သည် အငယ်ဆုံးသား ဖြစ်ပါသည် ... ခမည်းတော်၏ ခြေရင်း၌ ပြုစုလုပ်ကျွေးလိုပါသည် ...
မင်းကြီးလည်း သဘောတူ ခွင့်ပြုတော်မူ၏။ မင်းသားသည် ပညာရှိဆရာ၏ အကြံပြုချက်အတိုင်း ခမည်းတော်မင်းကြီးထံမှ ဥယျာဉ်ဟောင်းတစ်ခုကို တောင်းယူ၍ ပြုပြင်စိုက်ပျိုးသည်။ ထိုဥယျာဉ်ခြံမှ ရရှိသော အသီးအနှံတို့ကို ဝန်ကြီး ဝန်ငယ် မျူးမတ် စစ်သူကြီးတို့ကို ပေးကမ်း၏။



ထို့နောက် ခမည်းတော်အား ပန်ကြား၍ မြို့သူမြို့သားတို့အား ထမင်းရိက္ခာတို့ကို ပေးဝေ၏။ သို့အတွက် အုပ်ချုပ်သူရော ပြည်သူလူထုကပါ မင်းသားကို ချစ်ခင် မြတ်နိုးကြသည်။
သံဝရမင်းသားသည် တိုင်းရေးပြည်ရွာအရေးတို့ကိုလည်း တရားနှင့်အညီ စီမံဆောင်ရွက်သောကြောင့် ပြည်တွင်းပြည်ပ ပြည်သူများကလည်း ချစ်ကြည်ရင်းနှီးလေသည်။


တစ်နေ့သောအခါ ဗာရာဏသီမင်းကြီး ရောဂါဝေဒနာ အပြင်းအထန်ခံစားရ၏။ ထိုအခါ မင်းကြီးက ဤသို့ မိန့်မှာလေသည်။
ငါ၏ သားတော်များ အားလုံး ထီးနန်းစံထိုက်သော သားများ ဖြစ်ကြပေသည်... သို့သော် မှူးမတ် ပြည်သူအများ နှစ်သက် မြတ်နိုးသော သားတော်ကို ထီးနန်းတင်ပါ...


မှူးမတ်များ ညှိနှိုင်းတိုင်ပင်၍ သံဝရမင်းသားကို ထီးနန်းတင်ကြသည်။




ထိုအခါ မြို့စား ရွာစား သားတော်ကြီး ကိုးဆယ့်ကိုးယောက်တို့သည်
မကျေနပ်ကြ၍ စုပေါင်းချီတက်ကာ မြို့ကို ဝိုင်းရံထားကြလေသည်။




သံဝရမင်းသားသည် သူ၏ဆရာ အကြံပေး သည့်အတိုင်း ဤသို့ ပြောဆို၏။
နောင်တော်တို့နှင့် စစ်မထိုးပါ ... ခမည်းတော်၏ အမွေကို အစုတစ်ရာပြု၍ နောင်တော်တို့ခွဲဝေယူပါ
ထိုအခါ အကြီးဆုံးဖြစ်သော ဥပေါသထမင်းသားသည် ညီငယ်များကို ခေါ်ယူ၍ ညှိနှိုင်းသည်။
ညီတော်တို့ ညီငယ်သံဝရသည် ငါတို့ကို မခုခံ၊ အဖအစုကိုလည်း ပေး၏၊ ငါတို့အားလုံး တစ်ပြိုင်နက်တည်း မင်းပြု၍မရကြ၊ သို့အတွက် ညီထွေးငယ် သံဝရသာ မင်းပြုပါစေ ...


အားလုံးသော မင်းသားတို့လည်း သဘောတူညီကြ၏။ ညီတော်
သံဝရမင်းသားလည်း နောင်တော်တို့ကို အဖိုးထိုက်သော ပစ္စည်းတို့ဖြင့်
ပူဇော် ကန်တော့သည်။
နောင်တော်တို့သည် မိမိစားရသောမြို့ ရွာများသို့ ပြန်ကြ၍
နိုင်ငံတော်ကို ဝိုင်းဝန်း စောင့်ရှောက် ကာကွယ်ကြသည်။
ပညာရှိကို မှီဝဲဆည်းကပ်ရသော သံဝရမင်းသားသည် ထီး
နန်း စည်းစိမ်ကို ချမ်းသာစွာ ခံစားစံစားရလေသည်။ ။ ပြီး
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီအေ)
ပန်းချီတင်ထွန်းထွန်း

# ချမ်းသာအစစ်ကို ဝေငှခြင်း

သထပ-(ကျမ်းပြု)

### အရှင်ကောဏ္ဍညတရားထူးရ

တရားဦးဓမ္မစကြာဒေသနာကို နာကြားအပြီးမှာပင် ပဥ္စဝဂ္ဂီတို့အနက် ကောဏ္ဍညသည် သန့်ရှင်းသောအမြင်မှန်ကို ရရှိသွား၏၊ "ဖြစ်တတ်သောတရားမှန်သမျှ ချုပ်ပျက်ရ၏" ဟူသော အသိဉာဏ်ကို ရရှိသွားလေတော့၏။ ပုဂ္ဂိုလ်အဆင့်အားဖြင့် ပုထုဇဉ်အဆင့်ကို ကျော်လွန်၍ အရိယာအဆင့်သို့ရောက်ရှိသွား၏။ အရိယာအဆင့်ဆင့်ရှိရာတွင် ပထမဦးဆုံးသော သောတာပန်အဆင့်သို့ ရောက်ရှိသွားလေတော့၏။

အရှင်ကောဏ္ဍညသည် လူသားအားလုံးတို့ထဲမှ ပထမဦးဆုံးတရားထူးရရှိသော ပုဂ္ဂိုလ်ထူးဖြစ်ပေ၏။ မြတ်ဗုဒ္ဓ၏ တပည့်သာဝကတို့တွင် အရှင်ကောဏ္ဍညထက်စော၍ သစ္စာလေးပါးကို သိမြင်သူ၊ တရားထူးရသူ မရှိခဲ့ပါပေ။

### ပါရမီရှင်ကောဏ္ဍည

တရားဦးဓမ္မစကြာဒေသနာကို နားကြားအပြီးမှာ အရှင်ကောဏ္ဍညတရားထူးရသည်ဆိုရာ၌ ထိုအရှင်မြတ်တရားထူးရခြင်းကား သက်သာလွယ်ကူစွာဖြင့်ရသွားသည်ဟု ထင်မှတ်စရာရှိသည်။ သို့သော် အခြားသူများထက်စော၍ အဦးဆုံးတရားထူးသိဖို့အတွက် အရှင်ကောဏ္ဍညသည် ပါရမီဖြည့်ခဲ့ရသည်။ ပါရမီဖြည့်ခဲ့သော အချိန်ကာလအပိုင်းအခြားလည်း မနည်းလှပေ။ ကမ္ဘာတစ်သိန်းကာလပတ်လုံး ဘဝပေါင်းများစွာ ပါရမီကို ဖြည့်ဆည်းပူးခဲ့ရလေသည်။ ယခုတရားထူးရသည့်ဘဝ၌လည်း ဘုရားအလောင်းသိဒ္ဓတ္ထ၏ လက္ခဏာကို ဖတ်ပြီးနောက် ဘုရားအလောင်းတောထွက်ကြောင်းသိသောအခါ မိမိလည်းတောထွက်၍ ဘုရားအလောင်းအား ခြောက်နှစ်ပတ်လုံး အလုပ်အကျွေးပြုခဲ့သေး၏။

### နတ်ပြဟ္မာတို့ တခဲနက်ကြွေးကြော်ခြင်း

တရားဦးဓမ္မစကြာဒေသနာတော်ကို ဘုရားရှင်ဟောကြားပြီးသည်နှင့်တပြိုင်နက် မြေကိုမှီ၍ နေထိုင်ကြသော ဘုမ္မစိုးနတ်တို့သည် တခဲနက်ဟစ်ကြွေးလိုက်ကြကုန်၏။ ဟစ်ကြွေးပုံမှာ- ဗာရာဏသီပြည် မိဂဒါဝုန်တောဝယ် လောက၌ မည်သည့်ရဟန်း၊ ပုဏ္ဏား၊ မည်သည့်နတ်၊ မာရ်နတ်၊ မည်သည့်ပြဟ္မာမျှပြန်လည်ဆုတ်နစ်စေခြင်းငှာ မစွမ်း

နိုင်သော (မတားဆီး မကန့်ကွက်နိုင်သော) တုနှိုင်းမဲ့သော ဓမ္မစကြာဒေသနာတော်ကို မြတ်ဗုဒ္ဓသည် ဟောကြားခဲ့လေပြီဟု ကောင်းချီးပေး၍ အဆင့်ဆင့်ကြွေးကြော်ကြကုန်၏။

ဘုမ္မစိုးနတ်တို့၏ ကောင်းချီးပေးသံ ကြွေးကြော်သံကို ကြားရသဖြင့် နတ်ပြည်ခြောက်ထပ်တို့တွင် စတုမဟာရာဇ်နတ်တို့ကလည်း ထပ်ဆင့်ကြွေးကြော်ကြကုန်၏။ ထို့အတူ စတုမဟာရာဇ်နတ်တို့၏ ကြွေးကြော်သံကို ကြားရ၍ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တီဘုံတို့၌ ရှိကြသော နတ်တို့လည်း အဆင့်ဆင့် ကြွေးကြော်ကြပြန်၏။

အထက်ဆုံးနတ်ပြည်ဖြစ်သည့် ပရနိမ္မိတဝသဝတ္တီဘုံက နတ်တို့၏ ကြွေးကြော်သံကို ကြားရသဖြင့် ဗြဟ္မပြည်အရပ်ရပ်ရှိ ဗြဟ္မာတို့ကလည်း အဆင့်ဆင့်ကြွေးကြော်ကြရာ ထိုနတ်ဗြဟ္မာတို့၏ ကြွေးကြော်သံသည် အထက်ဆုံးက ဗြဟ္မာပြည် အကနိဋ္ဌဘုံတိုင်အောင် ပျံ့နှံ့ရောက်ရှိသွားပါတော့သည်။

မြတ်ဗုဒ္ဓ၏ တရားဦးဓမ္မစကြာဒေသနာကို ဟောကြားပြီးဆုံးသော အချိန်မှာပင် ဤကမ္ဘာမြေကြီးအပါအဝင် ဇာတိခေတ်ဟု ခေါ်သော အထက်ဆုံးက ဗြဟ္မာ့ပြည် အကနိဋ္ဌဘုံတိုင်အောင် ပျံ့နှံ့ရောက်ရှိသွားပါတော့သည်။

## ကမ္ဘာမြေကြီးတုန်လှုပ်ခြင်း

မြတ်ဗုဒ္ဓ၏ တရားဦးဓမ္မစကြာဒေသနာတော်ကို ဟောကြားပြီးဆုံးသော အချိန်မှာပင် ဤကမ္ဘာမြေကြီးအပါအဝင် ဇာတိခေတ်ဟု ခေါ်သော တစ်သောင်းသော လောကဓာတ်ကြီးကလည်း မြတ်ဗုဒ္ဓ၏ တရားဦးဓမ္မစကြာဒေသနာတော်ကို ကောင်းချီးပေးသည့်အလား ပြင်းစွာတုန်လှုပ်ရိက်ခတ်လေ၏။ အတိုင်းမသိကြီးမားကျယ်ပြန့်ဘိသော အလင်းရောင်ကြီးသည်လည်း နတ်ဗြဟ္မာတို့၏ အစွမ်းအာနုဘော်ကိုကျော်လွန် ၍ လောက၌ ထင်ရှားစွာဖြစ်ပေါ်နေသည်။ လောကဓာတ်ကြီးတစ်ခုလုံးတွင် အတိုင်းမသိကြီးမားကျယ်ပြန့်သော အလင်းရောင်ကြီးက ထွန်းလင်းတောက်ပ၍ လောကဓာတ်ကြီးကို လွှမ်းခြုံထားသည်ဟု ဆိုလိုပါသည်။

တရားဦးဓမ္မစကြာဒေသနာအဆုံး၌ ကမ္ဘာမြေကြီးသည် မြည်ဟီးတုန်လှုပ်သွားသည်ဟု ဆိုရာတွင် မြေကြီး၏ တုန်လှုပ်ရိက်ခတ်မှုအင်အားကြောင့် မည်သည့်သတ္တဝါ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ဘေးဥပါဒ် အန္တရာယ်မကျရောက်ခဲ့ပေ။

သထပ-ကျမ်းပြု

# ဗုဒ္ဓသာသနာတော်အသက် ဘယ်လိုဆက်ကြမည်လဲ

(ဆရာဘကျော်)



ရှေ့လမှအဆက်

**လူလတ်တန်းစား သာသနာ့ဘက်တော်သား မိသားစုများ**

လူလတ်တန်းစားသာသနာ့ဘက်တော်သားမိသားစုများမှလည်း သာသနာ့အသက်ကို ဆက်ပေးနိုင်မည့် သာသနာပြု မျိုးဆက်သစ် အာဇာနည်များ ပေါ်ထွက်လာနိုင်ပါသည်။ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ၆ ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော သမီးငယ်တစ်ဦး သီလရှင်ဘဝသို့ ဝင်ရောက်သည်ကို သတင်း၌ ဖတ်ရှုရသည့်အခါ သဒ္ဓါပဗ္ဗဇ္ဇိတသာသနာ့မျိုးဆက်သစ် တစ်ဦးရပြီ ဟူ၍လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါသည်။ ဤကဲ့သို့စွမ်းရည်ရှိသော မျိုးဆက်သစ်များ ယခင်ကလည်း ပေါ်ထွန်းခဲ့ဘူးပါသည်။ ယခုလည်းပေါ်ထွန်းဆဲဖြစ်ပါသည်။ သာသနာ့အသိုင်းအဝိုင်းက ယင်းသို့သော သဒ္ဓါပဗ္ဗဇ္ဇိတမျိုးဆက်သစ်များကို စနစ်တကျ မွေးမြူပါကတစ်ယောက်ဆိုလျှင် တစ်ယောက်ဆိုရသလောက် သာသနာအတွက် အသက်ဆက်ပေးမည့် မျိုးဆက်သစ်များ ရရှိနိုင်

ပါသည်။ ရလည်းရခဲ့ဘူးကြပါပြီ အမှတ်မဲ့နေခြင်းမရှိဘဲ စူးရှစေ့ငုသော ရှာဖွေစုစည်းမှုဖြင့် အင်အားသစ်များကို ထူထောင်နိုင်ကြပါသည်။

**သာသနာ့ပျိုးခင်းစာသင်တိုက်များ**

ဤစာတမ်း၏ အဓိကတင်ပြလိုသော ပဓာနအချက်မှာ သာသနာ့ပျိုးခင်း စာသင်တိုက်များစွာကို မြန်မာနိုင်ငံတောရောမြို့ပါ မကျန် နေရာအနှံ့ ထူထောင်နိုင်ရေး ဖြစ်ပါသည်။ တောအရပ်ဒေသများတွင် ဘုန်းတော်ကြီးကျောင်းများ၌ ရှေးယခင်ကကဲ့သို့ ဘုန်းကြီးကျောင်းသားကိုရင်များ အဘယ်ကြောင့် မရှိကြတော့သနည်း။ ဤသည်မှာ သာသနာမျိုးဆက်သစ် ရရှိရန်အတွက် အဓိကကျသော အချက်ကြီးဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်းများက ကလေးငယ်များအား ခေတ်နှင့်လျော်ညီသည့် ပညာရပ်များကို သင်ကြားမပေးနိုင်ခြင်းသည် အဓိကအကြောင်းရင်းကြီးဖြစ်သည်ကို မမေ့အပ်ပါ။ တောအရပ်ဒေသကလေးငယ်မှန်သမျှ ၎င်းတို့၏ အနာဂတ်ဘဝရှင်သန်တောက်ပရန်အတွက် မိဘများက လူစာသင်ကျောင်းများသို့သာ အပ်နှံကြရသည်။ လူစာသင်ကျောင်းများ၌ မူလတန်းမှ အထက်အဆင့်ဆင့် တက္ကသိုလ်များအထိ ပညာသင်ကြား တက်မြောက်မှသာလျှင် ဘဝအာမခံချက်ရရှိပြီး လူရေးလူရာဝင်ကြသောကြောင့်ဖြစ်ပါသည်။

ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ဓမ္မာစရိယ အောင်ရုံမျှဖြင့် လူ့ဘဝသို့ပြန်လည်ရောက်ရှိကြလျှင် စားဝတ်နေရေး အတတ်ပညာလည်းမရ လူရာလည်းဝင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ ယခင်ခေတ်များက ပထမပြန်စာမေးပွဲ ဓမ္မာစရိယစာမေးပွဲ အောင်မြင်ပြီးပါက သာသနာတော်တွင် ဂုဏ်ရည်တင့်စွာ ဆက်လက်ရှင်သန် သာသနာပြုနိုင်သော်လည်း ယခုခေတ် အခါတွင်မူ ထိုမျှနှင့် ဂုဏ်တင့်ဖွယ်မရှိ။ **အမ်အေ-ပီအိတ်ချ်ဒီ**ကဲ့သို့ ခေတ်၏ဒီဂရီ ဘွဲ့များ ရရှိထားမှသာလျှင် သာသနာ ပြုနိုင်မည့်သဘော၊ ဂုဏ်ရှိ သည့်သဘော-ဟူ၍ လောကအမြင် ခေတ်စားကျယ်ပြန့်လျက်ရှိနေသည်ကို မမေ့အပ်ပါ။ အထူးသတိပြုရတော့မည်သာ ဖြစ်ပါသည်။

အချို့ ရဟန်းငယ်များမှာ လောကီအမြင်ကိုလိုက်၍ ပထမလတ်၊ ပထမကြီး

အဆင့်မှုဖြင့် အမ်အေ-ပီအိတ်ချ်ဒီ-ဘွဲ့များရရှိ အောင်ကြိုးပမ်းတော်မူလျက်ရှိနေကြသည်မှာ… သာသနာတော်အတွက် တစ်စုံတစ်ခုသော အဖုအထစ်များ ဖြစ်လာနိုင်ဖွယ်ရှိသည်ကို သတိပြုအပ်ကြပါသည်။ ပုထုဇဉ်ရဟန်းငယ်ဘဝ၌ ဤသို့သော အမြင်ဖြင့် လောကကို အပေါ်စီးရ၍အောင်မြင်မှုရအောင် အားထုတ် နေသည်ကိုလည်း မရှုတ်ချမကဲ့ရဲ့ ထိုက်ပါ။ ပရိယတ္တိစာပေအပြင် လောကပညာများကိုပါ အားထုတ်လိုသော ထိုရှင်ရဟန်းငယ်များ၏ ဆန္ဒကို ဝိုင်းဝန်းဖြည့်ဆည်းထိုက်ပါသည်။ **ပထမလတ် ပထမကြီးအဆင့်မှုဖြင့် ပီအိတ်ချ်ဒီဘွဲ့ရ သံဃာငယ်များ တိုးပွားလိမ့်မည် ဆိုပါလျှင် အနာဂတ်သာသနာသည် ယနေ့ ထိုင်းနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ ကြုံတွေ့နေရသော သာသနာ့မျိုးဆက် အခက်အခဲမျိုးကို မြန်မာနိုင်ငံလည်း အနေးနှင့်အမြန် ရင်ဆိုင်ရတော့မည်မှာ ဧကန်ဖြစ်ပါသည်။** ပိဋကတ်မတတ် ခေတ်ပညာမနူးမနပ်ဖြင့် သာသနာ့လမ်းကြောင်းကို တိမ်းစောင်း သွားအောင် ထိုမျိုးဆက်များက ထုဆစ် ပုံဖော်ကြတော့မည့်အလားအလာဖြစ်ပါသည်။

**ကျေးရွာဘုန်းတော်ကြီးကျောင်းများ အရည်အသွေးပြည့်မီရေး**

ရှေးယခင်က ရွာဦးဘုန်းတော်ကြီးဆရာတော်သည် တစ်ရွာလုံး၏ ပဲ့ကိုင်ဦးစီးဖြစ်ခဲ့သည်။ သစ်တွက်၊ ငွေတိုးတွက်၊ စပါးတွက်၊ ရွှေတွက်စသော ဂဏန်းသင်္ချာများနှင့် လူ့လောကဆက်ဆံကြီးပွား ချမ်းသာရေး ဘာသာရပ်များကို ကျေးရွာကလေးများအား သင်ကြားပေးခဲ့ကြပါသည်။ မိဘအပြင် လက်ဦးဆရာနေရာ၌ ရပ်တည်လျက် ရပ်ရွာကောင်းကျိုးကို ဦးဆောင်နိုင်ခဲ့ကြပါသည်။ ဩဇာညောင်းခဲ့ကြပါသည်။ လမ်းစဉ်ပါတီခေတ်၏ ဤမှာဘက် ကာလများ၌မူ ကျေးရွာတိုင်းလိုလို၌ အစိုးရမူလတန်းကျောင်းများကို နိုင်ငံတော်အစိုးရက တာဝန်ယူဖွင့်လှစ် ပေးသောအခါ ကျေးရွာကလေးများ ရွာဦးကျောင်းသို့ ခြေဦးပင် မလှည့်ကြတော့ပါ။ အစိုးရမူလတန်းကျောင်းမရှိ၊ ဝေးလံခေါင်သီသော အရပ်ဒေသဖြစ်လျှင် ဘုန်းတော် ကြီးများက ဘ/က ဖွင့်ပေးလျှင် ဗုဒ္ဓသာသနာနှင့်ကလေးငယ်များ နီးစပ်မှုရှိနိုင်ပါသည်။ နွေရာသီကျောင်းပိတ်ရက်သို့မဟုတ် ကျောင်းအားရက်များတွင်

ဗုဒ္ဓယဉ်ကျေးမှုသင်တန်းများဖွင့်ပေးနိုင်လျှင် သာသနာ့အထောက် အကူများ ရနိုင်ပါသည်။

သို့ရာတွင် ပရိယတ္တိစာပေအောင် မြင်တတ် ကျွမ်းသော ရဟန်းငယ်တို့သည် တောအရပ်ဘုန်းကြီးကျောင်းများ၌ ကျောင်း မထိုင်လိုကြပါ။ ထိုအခါ··· ကျေးရွာသူ ရွာသားများက ရနိုင်ရာရာ စာမတတ် ပေမတတ် ဝိနည်းမတတ်သော နိက္ခမ တောထွက် ကိုယ်တော်ကြီးများနှင့်သာ ကျေနပ်ကြရပါတော့သည်။ ကျေးရွာသား များအနေဖြင့် ဗုဒ္ဓဘာသာအသိအမြင် အကျင့်အကြံ ရရှိနိုင်ရန် အခွင့်အလမ်း ဆုံးရှုံး ကြရသည်။ မျိုးဆက်သစ် ကျေးရွာ ကလေး ငယ်များလည်း ဘာသာသွေးဝေးလျက် ဗုဒ္ဓ သာသနာတော်နှင့် ဆန့်ကျင်ဘက်ဖြစ် လာကြတော့သည်။ ယင်းဖြစ်ရပ်သည် ဆယ်စုနှစ်(၃)စု ကျော်မျှ ဖြတ်သန်းလာခဲ့ ကြပြီ။ ထို့ကြောင့် ဖခင်အရင်းဖြစ်သူက မိမိရင်သွေး အရွယ်မရောက်သေးသည့် သမီးငယ်အား မုဒိမ်းမှု ကျူးလွန်ခြင်းများ ကိုပင် ရံဖန်ရံခါ ဝမ်းနည်းဖွယ်ကြား သိလာ ကြရပြီ။ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံ-ဟူ၍ ကြွေးကြော်နေကြသူများ···· အခြောက် တိုက်ဂုဏ်ယူကြရန်မသင့်တော်ပြီ။ မည်သူ့ တွင်··· တာဝန် ရှိနေပါသနည်း။

**ပြည်နယ်တိုင်းများရှိ အသက်ငင်နေသော ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ**

၁၉၈၆-ခုနှစ်တွင် ရန်ကုန်နှင့် မန္တလေးတို့၌ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်များကိုတည်ထောင်ပြီးသည့်အခါ ပြည်နယ်တိုင်းကောင်စီတို့၏အကူအညီဖြင့် ရန်ကုန်နှင့် မန္တလေးတို့၌ ကျောင်းထိုင် ဘုန်းကြီး သင်တန်းကျောင်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ကြီးကြပ်မှု၊ သာသနာရေး ဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ သက်ဆိုင်ရာပြည်နယ်တိုင်း ဥပဋ္ဌာက အဖွဲ့များ ၏ လုံ့လဝီရိယ များစိုက်ထုတ်မှုတို့ဖြင့် ထူထောင်လာခဲ့ကြ၏။ ၁၉၉၁-ခုနှစ် အလယ်ပိုင်းတွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ၁၄ ကျောင်းကို ပြည်နယ် တိုင်း ၁၂-ခုတို့တွင် ထူထောင်ပြီးဖြစ်ခဲ့သည်။ ထူထောင်ပြီး နောက်ပိုင်း၌ ရန်ကုန်နှင့် မန္တလေးတို့၌သာ ယနေ့အထိရှင်သန် လျက်ရှိ၏။ ကျန်တိုင်းဒေသများ၌ တည်ရှိ သည်ဆိုရုံမျှသာရှိနေ၏။ သက်ဆိုင်ရာ ပြည်နယ်တိုင်းသံဃာ့နာယကအဖွဲ့များ

ပြည်နယ်တိုင်း အဆင့်အုပ်ချုပ်သူများက စိတ်ဝင်စားမှု မရှိကြသည်မှာ ယနေ့၂၀၁၆ ခုနှစ်တိုင်အောင်ဖြစ်သည်။ ၂၀၁၅ နှစ်တွင် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဗဟိုကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးတွင် ၂ နှစ်သင်တန်းကာလ အတွင်း အစိုးရအလယ်တန်းကျောင်းသင်ရိုး နှင့်ညီသော သင်ရိုးညွှန်းတမ်းများ တိတိကျကျ ပြည့်ပြည့်စုံစုံ သင်ကြားရေးတို့ကို အလေးထားစီစဉ်ခဲ့ကြ၏။ (၂) နှစ်သင်တန်း ဆင်းလက်မှတ်ကိုလည်း ဒီပလိုမာလက်မှတ် အဆင့်သို့ တိုးမြှင့်ခဲ့၏။ ကျောင်းထိုင် ဘုန်းတော်ကြီးများက မျိုးဆက်သစ်များအား ဘာသာသွေးထည့်ပေးရန် အရှိန်ယူနေရသည့် သဘောဖြစ်သည်။

အလတ်တန်း၊ အကြီးတန်းအောင် စာသင်သားရဟန်းတော်များက ယင်း (၂)နှစ်သင်တန်းသို့တက်၍ သင်တန်းအပြီးတွင် ကျောင်းထိုင်မရှိသေးသော တောအရပ်ဒေသ ဘုန်းတော်ကြီးကျောင်းများသို့ သက်ဆိုင်ရာ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်၊ သက်ဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်တို့နှင့် ညှိနှိုင်း ပို့လွှတ်နိုင်ရန်ဖြစ်၏။ ယင်းကား- အစီအမံ ဆင့်မျှသာ ယနေ့တိုင်ရပ်တည်နေဆဲ။ မည်သူ တစ်စုံတစ်ဦးကမျှ ထိုဖြည့်ကွက်ကို စိတ်မဝင်စားသေး။ အရည်အချင်းပြည့်မီသော ကျောင်းထိုင်ဘုန်းတော်ကြီးများက တောရွာ ကျောင်းများ၌ သက်ဆိုင်ရာ ရပ်ရွာဒေသကို ဦးဆောင်နိုင်မည်ဆိုလျှင်.... သာသနာ့ မျိုးဆက် သစ်ကလေးများကို ဧကန်စုစည်း နိုင်ပါမည်။ ထိုကျောင်းထိုင်ဘုန်းကြီးများက ကိုယ်တိုင်သင်မူလတန်းနှင့် အလယ်တန်း ပညာရေးကို အခြေပြုလျက် သာသနာ့ အသက်ဆက်မည့် မျိုးဆက်သစ်ကလေးများ ကိုကိုယ်တိုင်မွေးမြူလျက်လည်းကောင်း၊ ဒေသတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ပို့လွှတ်လျက်လည်းကောင်း သာသနာ့အသက် ကို ပေးဆက်နိုင်ကြမည်ဖြစ်ပါသည်။

နောက်လဆက်ရန်

ဆရာဘကျော်



# "ရေကောင်းရေသန့်"

ဦးတင်မြင့်

လူရွယ်က "အကိုကြီးပြောသလိုဆိုရင် ဒီမြင့်မြတ်တဲ့ကိုယ်ကျင့်တရားတစ်ခု တည်ဆောက်နိုင်ရင်ကို ကျွန်တော်တို့နိုင်ငံရော ကမ္ဘာကြီးပါ ငြိမ်းချမ်းကြမှာပေါ့နော်"။ မှန်ပါတယ်ညီလေး ဒီနေ့ကမ္ဘာတစ်လွှားမှာ အပြန်အလှန်သတ်ဖြတ်နေကြတဲ့စစ်ပွဲတွေဟာ မြင့်မြတ်တဲ့ ဒီကိုယ်ကျင့်တရားကို မတည်ဆောက်နိုင်ကြသေးလို့ ဖြစ်နေကြတာပါ။ ကွန်ဂိုနိုင်ငံအရှေ့ပိုင်းမှာဖြစ်ပွားခဲ့တဲ့ အပြန်အလှန်တိုက်ခိုက်သတ်ဖြတ်မှုဟာ နှစ်ပေါင်းနှစ်ဆယ်ရှိပြီဖြစ်ပါတယ်။ ဆီးရီးယားနိုင်ငံရဲ့ ပြည်တွင်းစစ်ဟာလည်း လေးနှစ်ခွဲနီးပါးရှိပြီမို့ ယခုလက်ရှိ အဆိုးရွားဆုံးစစ်ပွဲတွေလို့ ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားပါတယ်။ ဆီးရီးယားပြည်တွင်းစစ်ကြောင့် ယခုအချိန်ထိ အပြစ်မဲ့ပြည်သူပေါင်း နှစ်သိန်းကျော် သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ ဒီစစ်မီးလျှံတွေ တောက်လောင်နေရခြင်းအကြောင်းကတော့ လူသားချင်းစာနာထောက်ထားမှု၊ ချစ်ခင်ကြင်နာသနားတတ်တဲ့စိတ် (မေတ္တာ၊ကရုဏာ)တွေ ရှယ်၊ ချုပ်တည်းသည်းခံမှု(ခန္တီ)ဆိုတဲ့တရားတွေ ဆိတ်သုဉ်းကွယ်ပျောက်နေတဲ့ ဝိသေသလက္ခဏာတွေဖြစ်ပါတယ် ညီလေး၊ လူရွယ်က စဉ်းစားသလိုပြုပြီး အကိုကြီးပြောသလိုဆိုတော့လဲ ဒီမြင့်မြတ်တဲ့ကိုယ်ကျင့်တရားလေးတစ်ခုတည်း ကျင့်သုံးရုံနဲ့ဘဲ ကမ္ဘာကြီးတစ်ခုလုံးငြိမ်းချမ်းနိုင်သလို ဒီတရားတွေ ဆိတ်သုဉ်းရင်လည်း ကမ္ဘာကြီးပြာကျသွားနိုင်ပါလား၊ ထို့နောက်လူရွယ်က "ကဲ အကိုကြီးရေ စကားပြောရတာလဲကောင်းပါတယ်၊ ညနေလဲဆောင်းသွားပြီ၊ အိမ်ပြန်ဖို့နွားလေးတွေလိုက်သိမ်းလိုက်အုံးမယ် နောက်နေ့မှ စောစောလာခဲ့အုံးမယ်နော်" ကောင်းပါပြီ ညီလေးရေ။

ကျွန်တော်သည် လူရွယ်နှင့်တွေ့ဆုံပြီး နောက်တစ်နေ့ နံနက်စောစောသွားရောက်၍ ဆိုင်ဖွင့်ဖြစ်ပါသည်။ အလျင်နေ့က စကားပြောဖြစ်ခဲ့သော လူရွယ်မှာလည်း အဖော်တစ်ယောက်နှင့်အတူ ကျွန်တော့်ဆိုင်သို့လာပြီး ထိုင်နေကြပါသည်။

ကျွန်တော်ကစ၍ "အစ်ကိုတို့မနေ့က

ပြောဖြစ်ကြတာ ပါဏာတိပါတအထိတော့ ပြီးသွားပြီနော်" "ဟုတ်တယ် အစ်ကိုကြီး" ကျွန်တော်က ဒါဆိုရင်တော့ ဒီနေ့တော့ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်းမှရှောင်ကြဉ်ခြင်းဖြစ်သော အကျင့်မြတ်ကို ဆောက်တည်ပါ၏ဆိုတဲ့ သိက္ခာပုဒ်ပေါ့ကွာ၊ စာလိုတော့ "အဒိန္နာဒါနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ" ဘဲဖြစ်ပါတယ်၊ လူရွယ်က အကိုကြီး ဒီအချက်ကလည်း ဘုန်းကြီးတွေသီလပေးတဲ့ထဲမှာပါတဲ့ဟာဘဲနော်၊ ဟုတ်တယ်ညီလေး၊ ဘုန်းကြီးတွေပေးတော့ ဥပေါသထသီလအဖြစ်နဲ့ဘဲ ဆောက်တည်ကြရပြီး ကျန်တဲ့အချိန်တွေမှာ နိစ္စသီလအဖြစ်နဲ့ ကိုယ်တိုင်ဆောက်တည်ကျင့်သုံးသင့်ပါတယ်။ မင်တို့ ငါတို့ အသက်နဲ့ခန္ဓာအတွက် အမြဲတမ်းမှီဝဲသုံးဆောင်နေကြသလို ဘဝနဲ့သံသရာအတွက် ဒီမြင့်မြတ်တဲ့ကိုယ်ကျင့်တရားကို အမြဲတမ်းဆောက်တည်ကျင့်သုံးရမှာဖြစ်ပါတယ်။

သူတစ်ပါးဥစ္စာကို ခိုးယူခြင်းဆိုတာ ပိုင်ရှင်ခွင့်မပြုဘဲ မသိဘဲယူခြင်းဖြစ်ပါတယ်။ ပစ္စည်းတစ်ခုကို ပိုင်ရှင်မသိဘဲ ခွင့်မပြုဘဲ ယူရာမှာ သူတစ်ပါးဆိုတဲ့စကားလုံးဟာ မိမိပစ္စည်းမှလွဲ၍ အခြားသူများ၏ ပစ္စည်းအားလုံးကိုဆိုလိုပါတယ်။ ဒါကြောင့် မိမိနဲ့တစ်အိုးတစ်အိမ်တည်းနေတဲ့ မိဘအပါအဝင် တစ်ကျောင်းတည်းမှာနေတဲ့ ဆရာသမားတို့ရဲ့ပစ္စည်းကိုပါ ခွင့်မပြုဘဲ အသိမပေးဘဲ မယူရန် ဆုံးမထားပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကလေးသူငယ်တွေကိုလည်း ဆုံးမထားတဲ့ ကဗျာလေးရှိပါတယ်။ ကဗျာရဲ့ခေါင်းစဉ်က "ခွင့်တောင်းပါ"တဲ့၊ ကဗျာလေးက - မိဦးဘဦး၊ ဆရာ့ဦးကို၊ ရူး၍အလျင်မစားနှင့်၊ မိဘဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင် မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ငြားက၊ ဝပ်တွားခယ၊ တောင်းပါကြ၊" ဆိုတဲ့ကဗျာလေး ဖြစ်ပါတယ်။ ဒါဆို အကိုကြီး ကျွန်တော်တို့သားတွေဟာ ကိုယ့်မိဘပစ္စည်းကိုတောင် မိဘမသိရင် ခွင့်မပြုရင် မယူရဘူးဆိုတာ ထင်ရှားနေတယ်နော်၊ ဟုတ်တယ် ညီလေး၊ ဒီအကျင့်မြတ်ဟာလည်း တို့လူသားတွေအတွက် တော်တော်လေးအရေးပါပြီး အရေးလဲကြီးပါတယ်၊ ဒါကြောင့် တို့မြတ်စွာဘုရားက သူ့ရဲ့တပည့်သား သံဃာတော်တွေအတွက် ပါရာဇိကသိက္ခာပုဒ်လေးပါးမှာရှိတဲ့အထဲမှာ ဒုတိယသိက္ခာပုဒ်အဖြစ် ပညတ်တော်မူခဲ့ပါတယ်။ သူတစ်ပါးပစ္စည်းကို အမှတ်မထင် ခိုးယူမှုမျိုးမဖြစ်ရအောင် ခိုးယူမှုအကြိမ်အရေနှင့် တန်ဖိုးတို့ကို ပေါင်းပြီး

သက်မှတ်တန်ဖိုးရောက်ရင် ပါရာဇိက ကျစေလို့ ပညတ်တော်မူခဲ့တယ်ညီလေး။

လူရွှယ်ညီလေးက ဒီသိက္ခာပုဒ်ကို ကျူးလွန်ကြတာရော ဘာကြောင့်လူတွေကျူးလွန်ကြတာလဲ၊ ပြောပြမယ်ညီလေး၊ လူတွေ ဒီမကောင်းမှု(ဒုစရိုက်)ကို ကျူးလွန်ကြတာဟာ လိုချင်တပ်မက်စိတ် (လောဘ)ကို အခြေခံပြီး ကျူးလွန်ကြတာရှိသလို မလိုမုန်းထားတဲ့စိတ် (ဒေါသ)ကြောင့်လည်း ကျူးလွန်ပါတယ်။ ဒီသိက္ခာပုဒ်ကို ကျူးလွန်ဖြစ်အောင် တွန်းအားပေးသူတွေကတော့ မကောင်းမှုပြုရမှာကို မရှက်ခြင်း(အဟိရိက)ဆိုတဲ့အရာနဲ့ မကောင်းမှုပြုရမှာကို မကြောက်ခြင်း (အနောတ္တပ္ပ)ဆိုတဲ့ အရာတို့ဘဲ ဖြစ်ပါတယ်။ ဒီအရာတွေကို လက်စွဲထားပြီးကျင့်သုံးနေသမျှ ဒီသိက္ခာပုဒ်ကို ကျူးလွန်နေကြမှာဖြစ်ပါတယ်၊ ဒီအရာတွေကို ဆန့်ကျင်မှုပြုပြီး လိုချင်တပ်မက်တဲ့စိတ်(လောဘ)ကို ထိန်းသိမ်းတဲ့စိတ်ရယ်၊ မလိုမုန်းထားမရှိတဲ့စိတ် (မေတ္တာ)ရယ်၊ မကောင်းမှုပြုရမှာကို ရှက်တဲ့စိတ် (ဟိရီ)ရယ် မကောင်းပြုရမှာကို ကြောက်တဲ့စိတ်(ဩတ္တပ္ပ) တို့ကို လက်ခံကျင့်သုံးသွားမယ်ဆိုရင် သူများပစ္စည်းခိုးယူမှုကို ကျူးလွန်တော့မှာ မဟုတ်ပါဘူး။

လူရွှယ်က အကိုကြီးမနေ့က သူ့အသက်သတ်တဲ့သိက္ခာပုဒ်နဲ့ ဒီနေ့ သူ့ဥစ္စာကိုခိုးတဲ့ သိက္ခာပုဒ်တွေ ကျူးလွန်တဲ့ အကြောင်းအရင်းတွေ မတူကြဘူးနော်၊ ဟုတ်တယ်ညီလေး မနေ့ကသူ့အသက်သတ်တာက ကြမ်းတမ်းစိတ် (ဒေါသ) အခြေခံပြီး၊ ဒီနေ့ သူ့ဥစ္စာခိုးတာက ခိုချင်မှု (လောဘ)ရယ်၊ မလိုမုန်းထားစိတ် (ဒေါသ)ရယ်ကြောင့်ဖြစ်ရတာ၊ ဒီစိတ်တွေအားလုံးဖြစ်ရတာဟာ မိုက်မဲမှု၊ မသိမှု (မောဟ)ကြောင့် ဖြစ်ကြရတာ၊ မကောင်းမှု ဒုစရိုက်တွေကို ကျူးလွန်သမျှတိုင်းမှာ မိုက်မဲမှု၊ မသိမှု (မောဟ)က ရှေ့ကဦးဆောင်တဲ့ ဆရာကြီးဘဲ။

အကိုကြီးရာ ဒီလိုသူတစ်ပါးပစ္စည်းမခိုးဘဲ ကျင့်ကြံနေထိုင်တာကိုရော ဘာဖြစ်လို့ မြင့်မြတ်တဲ့ကိုယ်ကျင့်တရားလို့ ခေါ်ရတာလဲ ဒါကလည်း ရှင်းပါတယ်ညီလေး၊ သူတစ်ပါးပစ္စည်းကို မခိုးယူတိုင်းမှာ မလိုချင်မတပ်မက်တဲ့စိတ်ရယ်၊ မလိုမုန်းထားမရှိတဲ့ (မေတ္တာ)ရယ်၊ မကောင်းမှုပြုရမှာကို ရှက်တဲ့စိတ် (ဟိရီ)ရယ်၊ မကောင်းမှုပြုရမှာကို ကြောက်တဲ့ (ဩတ္တပ္ပ)ရယ်ဆိုတဲ့ မြင့်မြတ်တဲ့စိတ်တွေကို အရင်းတည်ပြီး ဆောက်တည်ထားတဲ့ ကိုယ်ကျင့်တရားဖြစ်လို့ မြင့်မြတ်


တဲ့ ကိုယ်ကျင့်တရားဖြစ်နေကြောင်းဟာ ထင်ရှားသွားပြီ။

ကျေးဇူးတင်လိုက်တာ အကိုကြီးရာ ကျွန်တော်တို့ ဒီလိုအကျင့်ကို မကျင့်သုံးရင် ဘာတွေဖြစ်မယ်၊ ကျင့်သုံးရင် ဘာတွေဖြစ်လာနိုင်တယ်ဆိုတာကိုလည်း ပြောပြပေးပါအုံး၊ ပြောပြပေးမယ်ညီလေး၊ ဒီလိုမြင့်မြတ်တဲ့အကျင့်ကောင်းတွေကို မကျင့်သုံးကြဘူးဆိုရင် အသိသာဆုံးနဲ့ အထင်ရှားဆုံးကတော့ လူနေမှုဘဝလုံခြုံမှု မရှိတာဘဲ၊ ညီလေးတို့ ရပ်ရွာမှာ ဒီအကျင့်ကောင်း (သီလ)ပျက်စီးသူတွေရှိနေမယ်ဆိုရင် ညီလေးအပါအဝင် ရွာသူရွာသားတွေအားလုံးဟာ ညအိပ်ရင်လည်း စိတ်ချလက်ချ ခေါင်းပြားအောင် မအိပ်ရဘဲ ကြက်အိပ်ကြက်နိုးအဖြစ်နဲ့ပူပန်ကြောင့်ကြစွာအိပ်ကြရမှာ ဖြစ်ပါတယ်။ သူတစ်ပါးပစ္စည်းခိုးယူသူဆိုတာ နေ့ရယ်ညရယ် အချိန်မရွေးပါဘူး၊ လူလစ်တဲ့အချိန်မှာ ခိုးယူတတ်တာမို့ နေ့မှာလည်း စိတ်ချထားလို့မရပါဘူး၊ ဒီလိုလူမျိုးတွေကြောင့် ပတ်ဝန်းကျင်လူသားတွေဟာ အမြဲစိုးရိမ်ပူပန်ထိတ်လန့်စိတ်တွေနဲ့ နေထိုင်ကြရမှာ ဖြစ်ပါတယ်။ လူရွယ်က အကိုကြီးရာ အဲဒီလူတွေမခိုးနိုင်အောင် လုံလုံခြုံခြုံပိတ်ထားဆို့ထားရင်ရော မရနိုင်ဘူးလား၊ ဖြစ်နိုင်ပါတယ် ညီလေး၊ လုံခြုံအောင်ပိတ်ဆို့ထားတယ်ဆိုတာ တစ်စိတ်တစ်ဒေသနဲ့ အတိုင်းအတာတစ်ခုအထိဘဲရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါးပစ္စည်းကိုခိုးလိုတဲ့ဆန္ဒရှိသူတွေဟာ ဘယ်လိုဘယ်နည်းခိုးယူရမလဲဆိုတာကို နည်းမျိုးစုံကြံစည်နေကြလို့ပါပဲ။ ဒီနေ့ ကမ္ဘာမှာ အဆင့်မြင့်နည်းပညာတွေသုံးပြီး လုံခြုံရေးစနစ်တွေတပ်ဆင်ထားတဲ့ ပဲရစ်(စ်)ဘဏ်တို့ ကမ္ဘာ့အထင်ကရ ဆွစ်ဘဏ်တို့ကိုတောင် အဆင့်မြင့်သူခိုးကြီးတွေက အဆင့်မြင့်နည်းပညာတွေနဲ့ ကိရိယာတွေကိုသုံးပြီး ဖောက်ထွင်းခိုးယူခဲ့ကြတယ်။ အဆင့်မြင့်ဘဏ်ကြီးတွေထဲမှာရှိတဲ့ ငွေစာရင်းတွေကိုလည်း အဆင့်မြင့်ကွန်ပျူတာနည်းပညာတွေသုံးပြီး ခိုးယူတာတွေရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးစီမံချက်တွေ စီးပွားစက်မှုဆိုင်ရာနည်းပညာတွေစတဲ့ လျှို့ဝှက်ချက်တွေကိုလည်း အခြားတစ်နိုင်ငံက ခိုးယူတာတွေရှိတယ်ညီလေးရေ၊ မကြာမီကမှ အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီဟာ ဥရောပသမဂ္ဂနိုင်ငံတွေအပါအဝင် အခြားနိုင်ငံတွေရဲ့ လျှို့ဝှက်ချက်အကောင့်တွေကို ခိုးယူစောင့်ကြည့်ခဲ့တဲ့ ပြဿနာပေါ်ပေါက်ခဲ့ပါတယ်။ ဒီတော့ ခိုးယူ

ခြင်းခံရတဲ့သူတွေကလည်း မိမိတို့ရဲ့လုံခြုံမှု စနစ်ပေါ်မှာ ယုံကြည်မှုအားနည်းလာတယ်။ တစ်ဖက်က ခိုးယူသူအပေါ်မှာ စိတ်မချနိုင်တဲ့ မသင်္ကာစိတ်တွေနဲ့ အမြဲစောင့်ကြည့်နေရတာပေါ့ကွာ၊ အခိုးခံရတဲ့သူတွေက သူတို့ရဲ့လုံခြုံမှုစနစ်တွေကို အဆင့်မြင့်ပြီး ပြုပြင်လိုက်ပေမယ့်လည်း ခိုးသူကတော့ အဲဒီအဆင့်မြင့်နည်းသစ်ကိုလည်း ဘယ်လိုခိုးယူရမလဲဆိုတာ ရှာဖွေကြံဆပြီး ခိုးယူနေဦးမှာပဲ၊ ကျွန်တော်သဘောပေါက်ပါပြီ အကိုကြီးရာ အခိုးခံရတဲ့သူက ဘယ်လောက်လုံခြုံအောင်လုပ်လုပ် ခိုးယူသူက နည်းလမ်းရှာဖွေပြီး လိုက်ခိုးနေဦးမှာပဲ။ လူရွယ်ကဆက်၍ ဒါဆိုကမ္ဘာကြီးမှာ အခိုးမခံရတဲ့နည်းပညာဆိုတာ မရှိတော့ဘူးလို့ပြောရမှာဘဲဗျာ၊ ဒီလိုလဲမဟုတ်သေးပါဘူးညီလေး၊ အခိုးမခံရတဲ့နည်းပညာက ရှိနေပြီးသားပါ၊ လူရွယ်ကမျက်လုံးပြူး ပါးစပ်အဟောင်းသားနဲ့ "ဗျာ- ဘယ်လို အခိုးမခံရတဲ့နည်းပညာကရှိနေပြီးသား ဟုတ်လားအကိုကြီး" ဟုတ်တယ်ညီလေး၊ အကိုကြီးပြောတာတွေ ကျွန်တော်တော့နားမလည်တော့ဘူးဗျာ၊ ကျွန်တော်နားလည်အောင် အကိုကြီးပဲ ရှင်းပြပေးပါ။ ရှင်းပြပေးမယ် ညီလေး၊ အဲဒီအခိုးမခံရတဲ့နည်းပညာကို လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ကတည်းက ဗုဒ္ဓဆိုတဲ့ပုဂ္ဂိုလ်ကြီးက ဖော်ထုတ်ပေးခဲ့တာကွ၊ ဒါပေမဲ့ အဲဒီနည်းပညာကို လူတွေကမကျင့်သုံးကြလို့ပါပဲ၊ ဟာ အကိုကြီးရာ ကိုယ့်ပစ္စည်းအခိုးမခံရတဲ့နည်းပညာဘဲ မလိုချင်တဲ့သူမရှိပါဘူးဗျာ။ အဲဒီပညာကိုသာ ကျွန်တော့်ပေးပါ ကျွန်တော်ကျင့်သုံးပါ့မယ်။ ညီလေးဆီက ဒီလိုစကားမျိုးကြားရတာဝမ်းသာပါတယ်။ ကျင့်သုံးဘို့သာ ပြင်ပေတော့။ လူတွေက သူတစ်ပါးပစ္စည်းကို ခိုးယူကြခြင်းဟာ လိုချင်တပ်မက်စိတ် လောဘရယ်၊ မလိုမုန်းထားစိတ် ဒေါသရယ်၊ ခိုးယူရမှာကို မယုတ်တဲ့စိတ် အဟီရိကရယ်၊ ခိုးယူရမှာကို မကြောက်တဲ့စိတ် အနောတ္တပ္ပတို့ကြောင့် ခိုးယူနေကြခြင်း ဖြစ်ပါတယ်။ ဒီစိတ်တွေဟာ မကောင်းတဲ့စိတ်တွေဖြစ်လို့ ဒီစိတ်တွေကို စွန့်လွှတ်ပြီး မလိုချင်မတပ်မက်စိတ်ရယ်၊ မလိုမုန်းထားမရှိတဲ့ မေတ္တာရယ်၊ ခိုးရမှာကို ရှက်တဲ့စိတ် ဟိရီရယ်၊ ခိုးယူရမှာကို ကြောက်တဲ့စိတ် ဩတ္တပ္ပတို့ကို မွေးမြူကျင့်သုံးလိုက်ရင် ညီလေးဟာ ဘယ်သူ့ဆီက ဘာပစ္စည်းကိုမှ မပြစ်မှားသူ ဖြစ်သွားပြီ။

နောက်လဆက်ရန်

ဦးတင်မြင့်




# ရှင်နှစ်သည်းချာ အလိမ္မာကဏ္ဍာ

## မိတ်ဆွေစစ် မိတ်ဆွေတုတို့၏ စရိုက်လက္ခဏာများ

**မြတ်နိုးခင်-ကျားမြန်**

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဆရာမက ဒီနေ့တပည့်တို့ကို မိတ်ဆွေအစစ် မိတ်ဆွေအတုတို့၏ စရိုက်လက္ခဏာတွေနဲ့ပတ်သက်ပြီး လောကနီတိမှာ ဆိုဆုံးမထားတာတွေကို ဆက်ပြီးပြောပြမယ်ကွဲ့။

လောကနီတိဆရာက "လောကမှာ ကျွန်သူခစား မင်းယောကျ်ားစသည်တို့ကို အစေအပါး ခိုင်းခန့်မှသာလျှင် ထိုသူ၏ ကောင်းမကောင်းကို သိရာ၏။ ဆွေမျိုးတို့၏ ကောင်းမကောင်းကို ဘေးအန္တရာယ်ကျရောက်သောအခါမှ သိရ၏။ မိတ်ဆွေ အဆွေခင်ပွန်းတို့ကို ဥစ္စာနည်းပါးသောအခါမှသာ မိမိအပေါ် ကောင်းမကောင်းသိရာ၏။ ထို့အတူ မယားကိုလည်း စည်းစိမ်ကုန်သောအခါမှသာလျှင် ကောင်းမကောင်းကို သိရာ၏" လို့ ဆိုထားတယ်၊ သိကြပြီလားကွဲ့။

"သိပါပြီ ဆရာမ"

လောကနီတိဆိုထားတဲ့စကားတွေဟာ အမှန်တွေပါပဲ၊ မိမိအိမ်မှာ ခိုင်းစေထားတဲ့ အလုပ်သမားများကို အလုပ်ကိစ္စတစ်ခုခု ခိုင်းကြည့်မှ ထိုသူ၏ လုပ်ဆောင်မှုတော် မတော် ကောင်းမကောင်းကို သိရတယ်။ စေခိုင်းမကြည့်ဘဲ ထိုသူ၏ ကောင်းမကောင်း တော်မတော်ကို ဘယ်လိုမှ ဆုံးဖြတ်လို့မရဘူး။ ထိုနည်းတူစွာပဲ မိမိတို့၏ ဆွေမျိုးသားချင်း ညီအကိုမောင်နှမများကိုလည်း မိမိအပေါ်ကောင်းမကောင်း မိသားစု

စိတ်ဓာတ်ရှိမရှိကိုလည်း ဘေးအန္တရာယ်ကျရောက်သောအခါမှ သိရတယ်။ ဆိုပါစို့ မိမိအန္တရာယ်တစ်ခုကျရောက်လာပြီဆိုရင် ဆွေမျိုးဆိုတာ ကိုယ့်နားမှာမရှိတော့ဘူး၊ သူတို့က အရင်ရှောင်ပြေးကြတယ်။ ဒါက လောကမှ အဖြစ်များနေတာ သဘာဝပဲ။ မိမိမှာ အိုနာသေဘေး ရာဇဝတ်ဘေး ရန်သူဘေးစသည့် အန္တရာယ်တစ်ခုခု တွေ့ကြုံနေရတဲ့အခါမျိုးမှာ သူတို့၏ စေတနာမေတ္တာကို ပိုရှိသိနိုင်ပါတယ်။ သဘောပေါက်ကြပြီလားကွဲ့။

"သဘောပေါက်ပါတယ် ဆရာမ"

မိမိမှာရှိနေတဲ့ မိတ်ဆွေသူငယ်ချင်း အဆွေခင်ပွန်းတွေ မိမိအပေါ် တကယ်ကောင်းမကောင်းကိုတော့ မိမိစီးပွား ရှုံးနိမ့်သောအခါမှသာ ကောင်းမကောင်းကို အမှန်သိရတယ်။ ဒါကအမှန်ပဲ မိမိမှာ စီးပွားရေးလေး အောင်မြင်နေပြီဆိုရင် ခေါ်ချင်ပြောချင် ပေါင်းသင်းချင်တဲ့ မိတ်ဆွေတွေ အများကြီးပဲ။ မိမိမှာ ဘာစီးပွားရေးမှမရှိလို့များကတော့ မိတ်ဆွေဆိုတာ ဘယ်နားသွားရှာမလဲတောင် မသိဘူးဖြစ်နေတတ်တယ်။ မိမိစီးပွားအောင်မြင်နေတဲ့အချိန် ရှိနေတဲ့သူငယ်ချင်းမိတ်ဆွေတွေကို မိတ်ဆွေဝတ္တရား ပြည့်စုံမစုံကို စီးပွားကျရှုံးတဲ့အခါ ပိုပြီးသိသာလာတယ်။ ကိုယ့်မယားကိုတော့ မိမိစည်းစိမ် ဥစ္စာပျက်သုဉ်းချိန်မှာ မယားကောင်း တစ်ယောက်ဟုတ်မဟုတ်ကို သိရတယ်"လို့ ဆိုဆုံးမထားတယ်။ နားလည်ကြပြီလားကွဲ့။

"နားလည်ပါတယ် ဆရာမ"

အေးနောက်ပြီး လောကနီတိဆရာက 'မိမိဆွေမျိုးမဟုတ်သော်လည်း မိမိအကျိုးစီးပွားကို ဆောင်ပေးတတ်သူကို ဆွေမျိုး မိတ်ဆွေလို့ မှတ်ယူရမယ်၊ မိမိကို ကျွေးမွေးတတ်သူကို မိမိ မိဘမဟုတ်သော်လည်း မိဘလို့ မှတ်ယူရမယ်၊ မိမိအပေါ် ချစ်ချစ်ခင်ခင် မေတ္တာထားတတ်သူကို မိတ်ဆွေ ခင်ပွန်းလို့ မှတ်ယူရမယ်၊ မိမိအပေါ် သာယာကြည်နူး အောင်ပြောဆိုတက် နှစ်သိမ့်တတ်သူကို ဇနီး မယားမဟုတ်သော်လည်း ဇနီးမယားလိုသက် မှတ်ရမယ်'လို့ ဆိုထားတယ်။ သိကြပြီလားကွဲ့။

"သိပါပြီ ဆရာမ"

လောကမှာ ရန်သူနှင့်လည်း အကျွမ်းတဝင်မနေရာ၊ အဆွေခင်ပွန်းနဲ့လည်း အကျွမ်း

တဝင်မနေရဘူး၊ တစ်ရံတစ်ခါမှာလည်း အဆွေခင်ပွန်းသည် အမျက်ထွက်သောအခါ မိမိရဲ့အလုံးစုံသောအပြစ်တို့ကို ထင်ရှားပြောဆိုတတ်တယ် လို့ လောကနီတိဆရာ ဆုံးမထားတာကို မှတ်သားဘူးတယ်ကွဲ့။

မရင်းနှီးသူ ရန်သူကိုပဲဖြစ်စေ၊ မိတ်ဆွေသူငယ်ချင်းကိုပဲ ဖြစ်စေ၊ ဘယ်တော့မှ အကျွမ်းတဝင် ရောနှောပေါင်းသင်းခြင်းမပြုလုပ်ရဘူး၊ စိတ်ပေါင်းကိုယ်ခွါ ဆက်ဆံရမယ်၊ ဘာဖြစ်လို့လဲဆိုရင် မိတ်ဆွေပင်လျှင် သူတို့မလိုတဲ့အခါမှာ ဒေါသထွက်တဲ့အခါမျိုးတွေမှာ မိမိရဲ့အပြစ် ချို့ယွင်းချက်များကို အကျိုးမဲ့အောင် ဖော်ကောင်လုပ်တတ်ကြလို့ပါပဲ။ လောကလူသားအများစုတွေဟာ 'မလိုတစ်မျိုး၊ လိုတစ်မျိုး' လုပ်တတ်ကြတယ်၊ အဲဒါကြောင့် လူတိုင်းကို စိတ်ပေါင်းကိုယ်ခွါ ဆက်ဆံပေါင်းသင်းရမယ်လို့ ရှေးပညာရှိတွေ ဆိုဆုံးမထားတယ်။ မှတ်မိရဲ့လားကွဲ့။

"မှတ်မိပါတယ် ဆရာမ"

နောက်တစ်မျိုးက လောကနီတိဆရာ မိန့်ဆိုထားတာရှိသေးတယ်၊ အကြင်သူ မိတ်ဆွေနှစ်ဦးတို့သည် အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်အမျက်ထွက်ဘူး၏၊ ခိုက်ရန်ဒေါသဖြစ်ဘူး၏။ ထိုသူနှစ်ဦးတို့ကို တစ်ဖန်ပြန်လည်သင့်မြတ် ချစ်ခင်ပေါင်းဖက်ဖို့ရန် အလိုမရှိကြတော့ဘူး။ ဥပမာအားဖြင့် အဿတိုရ်မြင်းကို ကိုယ်ဝန်ဆောင်၍ မွေးရသော မြင်းမကဲ့သို့ သေဘေးနှင့်ကြုံရတတ်တယ်လို့ ဆိုထားတယ်။

မှန်ပါတယ် လောကမှာ မိတ်ဆွေနှစ်ဦး ခိုက်ရန်ဖြစ်ပြီး ရုံးရောက်ဂတ်ရောက်နဲ့ တရားရင်ဆိုင်ခဲ့ဖူးပြီဆိုရင် ဘယ်တော့မှ ပြန်လည်မသင့်မြတ်နိုင်တော့ပါဘူး။ အနည်းစုကတော့ ပြန်လည်သင့်မြတ်တာရှိတတ်ပါတယ်။ ရှားပါတယ်၊ တကယ်လို့ ပြန်လည်သင့်မြတ်မယ်ဆိုရင် အဿတိုရ်မြင်းကလေးမွေးရလို့ မိခင်မြင်းမကြီးသေရသလို သေဘေးနှင့်ရင်ဆိုင်ရတတ်တယ်။ သိကြပြီလားကွဲ့။

"သိပါပြီ ဆရာမ"

အေး- သားတို့, သမီးတို့ ဒီနေ့တော့ ဒီလောက်နဲ့ အတန်းနားကြစို့ နောက်နေ့တွေမှာလည်း လောကနီတိ ဆိုဆုံးမစာတွေကို ဆက်ပြီးပြောပြမယ်ကွဲ့။

"မင်္ဂလာပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

မြတ်နိုးခင်

မ.ဟ.န ဥက္ကဋ္ဌ ဇန်းမော်ဆရာတော်ဘုရားကြီး၏
ဒါနသီလအခြေခံ သမထဝိပဿနာ
ရှုမှတ်ပွားများနည်း တရားတော်

A PRACTICAL WAY OF CALMNESS AND INSIGHT-MEDITATION BASED ON CHARITY AND MORAL ETHICS

ဦးအောင်သိန်းညွန့်(ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
Translated by- U Aung Thein Nyunt (Retd. DYDG Religious Affairs)

## စင်ကြယ်သောသီလဆိုသည်မှာ

အထက်ပါအကြောင်းရင်းများ ဖြစ်ပွားပေါ်ပေါက်ခြင်းမရှိဘဲ မိမိဖြည့်ကျင့်ဆောက်တည်ထားသည့် သီလတို့စင်ကြယ်စေရန် အောက်ပါအချက်များနှင့် ပြည့်စုံဖို့လိုအပ်သည်-

၁။ သီလမကျိုးခြင်း၊

၂။ သီလမပေါက်ခြင်း၊

၃။ သီလမပြောက်ခြင်း၊

၄။ သီလမကြားခြင်း၊

၅။ အလိုရမ္မက်တဏှာကို တော်လှန်နိုင်ခြင်း၊

၆။ ပညာရှိတို့ ချီးမွမ်းအပ်ခြင်း၊

၇။ သီလနှင့်စပ်၍ တဏှာဒိဋ္ဌိတို့ မဖြစ်ပွားခြင်း။

သို့ဖြစ်၍ မကျိုးမပေါက် မပြောက်မကြားသောသီလသည် စင်ကြယ်၏။ တဏှာရမ္မက်၏အလိုကို ငြင်းဆန်လျက် စောင့်ထိန်းသောသီလသည် စင်ကြယ်၏။ လွန်စွာစင်ကြယ်သော ငါ၏သီလကြောင့် နောင်တွင် ကြီးကျယ်သော လူနတ်စည်းစိမ်ချမ်းသာ ရရှိပါစေ စသည်ဖြင့် မျှော်လင့်ချက်မထား၊ သီလမျှဖြင့် နိဗ္ဗာန်ကို ရနိုင်သည်ဟု တစ်ယူသန်အစွဲလည်းမကြီးသော သီလကို စင်ကြယ်

သောသီလဟု ခေါ်ဆိုရသည်။ သီလစင်ကြယ်ကြောင်း အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသောသီလသည်သာလျှင် တည်ကြည်စူးစိုက်မှု သမာဓိတရားကို ဖြစ်ထွန်းပေါ်ပေါက်လာစေနိုင်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာရောက်ရှိနိုင်စေရန် ကြီးမားသော အထောက်အကူဖြစ်နိုင်သည်။ သမထဘာဝနာနှင့် ဝိပဿနာဘာဝနာတို့ကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်မှန်သမျှသည် မိမိ၏သီလကို ဖော်ပြပါအင်္ဂါခုနှစ်ပါးနှင့် ပြည့်စုံစေလျက် စင်ကြယ်သောသီလအဖြစ် ရရှိပိုင်ဆိုင်အောင် စောင့်ထိန်းဖြည့်ကျင့်ကြကုန်ရာ၏။

**What is meant by purity of moral precepts**

The purity of moral precepts is devoid of the above root-causes and it should be replete with the following virtues:_

1. no breach of pre cepts,
2. no hole of precepts,
3. no spots of precepts,
4. no stripes of pre cepts,
5. getting rid of crav ing,
6. being praise-worthy by wise men, and
7. not having "diṭṭhi-wrong view" and "taṇhā-craving" in relation with the moral precepts.

The purity of moral precepts is replete with the above virtues. In this connection the notion that Nibbāna can be realized just by the observance of moral precepts is "**wrong view-diṭṭhi**". Longing for the attainment of celestial pleasures by observance of moral precepts is "**taṇhā-craving**". Purity of moral precepts can produce one-pointedness of concentration-**samādhi**,

a great support to attain Mgga, Phala and Nibbāna. Those who would like to develop **Samatha** and **Vipassanā** should be replete with aforesaid seven categories of moral purities.

**ဂရုဓမ္မသီလ(သို့မဟုတ်) နိစ္စသီလခေါ် ငါးပါးသီလအကြောင်း**

လူပုဂ္ဂိုလ်တို့ ခါးဝတ်ပုဆိုးပမာ အမြဲစောင့် ထိန်းအပ်သော ငါးပါးသီလ (ဂရုဓမ္မသီလ) (နိစ္စသီလ)သည် ငါးပါးသီလစောင့်သူအပါ အဝင် ၄င်း၏ ပတ်ဝန်းကျင်လောကတစ်ခုလုံး ကို ချမ်းမြေ့သာယာ ကြီးပွားတိုးတက်စေ သည်သာမက မဂ်ဖိုလ် နိဗ္ဗာန်ရရှိရန် ပဓာန အထောက်အကူဖြစ်သောကြောင့် အနည်းငယ် အကျယ်ချဲ့ ရှင်းပြပါမည်။

**Garudhamma or Nicca Sīla**

Garudhamma or Nicca Sila should always be kept just like a waistcloth; when someone does so, he himself and his surrounding-the society as well will be peaceful and prosperous and it is also the important assistance to the attainment of liberation from worldly sufferings.

**သူ့အသက်သတ်ခြင်း (ပါဏာတိပါတ)မှ ရှောင်ကြဉ်ပါ၏။**

သက်ရှိသတ္တဝါဖြစ်ခြင်း၊ သက်ရှိ သတ္တဝါမှန်းသိခြင်း၊ သေစေလိုခြင်း၊ သေ အောင် သတ်ခြင်း၊ သေသွားခြင်းတို့ကို ကျူးလွန်ပါက ပါဏာတိပါတ အင်္ဂါမြောက် သည်။ ယင်းသို့ ကျူးလွန်ရာ၌ မိမိကိုယ်တိုင် သတ်ခြင်း၊ သူတစ်ပါးကို စေခိုင်း၍ သတ်ခြင်း၊ လက်နက်မျိုးစုံ တီထွင်ပြုလုပ်၍ သတ်ခြင်း၊ တွင်းတူးခြင်း၊ ကျင်းထောင်ခြင်း၊ အဆိပ်ခတ် ခြင်းတို့ကို ပြုလုပ်၍ သတ်ခြင်း၊ အင်းအိုင် ဆေးဝါးစသော အတတ်ပညာဖြင့် သတ်ခြင်း၊ တန်ခိုးဖြင့်သတ်ခြင်းတို့ပါဝင်သည်။

အသက်ခံရသူ သတ္တဝါ၏ ကိုယ်ကာယ အကြီးအငယ်ကိုလိုက်၍လည်းကောင်း၊ သတ္တဝါ၏ အကျင့်သီလဂုဏ်ကို လိုက်၍

လည်းကောင်း၊ သတ်ရန်အားထုတ်မှု လုံ့လပယောဂအားစိုက်မှု အကြီးအငယ်ကို လိုက်၍လည်းကောင်း၊ အပြစ်ကြီးခြင်း အပြစ်ငယ်ခြင်း ရှိ၏။ အခြားသတ္တဝါများထက် လူကို သတ်လျှင် ပို၍ အပြစ်ကြီး၏။ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်ထက် အရိယာ၊ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာပုဂ္ဂိုလ်များကိုသတ်လျှင် ထိုထက် ပို၍ ပို၍ အပြစ်ကြီးသည်။

**Abstinance from Killing any Sentient Being**

A person who knows that the one to be killed is a sentient being and kills it with the intention to die, he commits "**Killing any sentient being**" when it is really dead. Here, killing means elimination of a life-essence by oneself, or by inciting other people, or by creation of deadly weapons, by poisoning or by psychic power, or by applying witchcraft, etc.

According to the big or small coporeal body of the one who is killed, or low or high moral virtues, or making exertion big or small, the offence of killing may be big or small. Offence of killing a human being is more heineouss than that of killing other beings; killing Ariyan individuals is more guilty than killing ordinary human beings.

သူ့ဥစ္စာခိုးယူခြင်း (အဒိန္နာဒါန)မှ ရှောင်ကြဉ်ပါ၏။

ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူတစ်ပါးဥစ္စာကို မမှန်မကန်သောနည်းလမ်း၊ မတရားသောနည်းလမ်းဖြင့် ရယူပိုင်ဆိုင်ထားခြင်းသည် အဒိန္နာဒါနကံ ကျူးလွန်ခြင်း (ခိုးယူခြင်း)ပင်ဖြစ်သည်။ သူတစ်ပါးပစ္စည်း (အများပိုင်ပစ္စည်းပါဝင်သည်)ဖြစ်ခြင်း၊ သူတစ်ပါးပစ္စည်းမှန်း (အများပိုင်ပစ္စည်းမှန်း) သိနေခြင်း၊ ခိုးယူလို လုယက်တိုက်ခိုက်လို

သောစိတ်ရှိခြင်း၊ လက်တွေ့ ခိုးယူလုယက် တိုက်ခိုက်ခြင်း၊ ထိုနည်းဖြင့် ပိုင်ဆိုင်ထားရှိခြင်း အင်္ဂါများပြည့်စုံလျှင် အဒိန္နာဒါနကံ မြောက်သည်။


ဤ၌ ခိုးယူခြင်းဆိုရာတွင် ခိုးနည်းခိုးဟန် (၂၅)မျိုးကို ကျမ်းဂန်များ၌ ဖော်ပြထားသည်။ ထို(၂၅)မျိုး၌ အကျုံးဝင်လျှင် ခိုးယူခြင်း အဒိန္နာဒါနကံ မြောက်တော့သည်။

**Abstinance from Taking What is not Given**

Taking and possessing of other's properties in unrighteous or unlawful ways, which have not been given bodily or verbally by the possessers is called "taking what is not given. Being other's properties , knowing of other's properties or possessions, intention to take what is not given or to steal or to rob other's propterties, actual commitment of taking or stealing or robbing and keeping them in possession_ all these constituents are said to be the course of action, i.e., taking what is not given. Here, we would like to mention 25 ways of stealing which are included in the action of taking what is not given.

ဦးအောင်သိန်းညွန့်

**U Aung Thein Nyunt**



# ပြည်တွင်းသာသနာရေး

## သတင်းမှတ်တမ်း

## နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှ နိုင်ငံတော် သမ္မတ ဦးထင်ကျော် ဂါရဝပြုသြဝါဒခံယူ



နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်က ဂါရဝပြုသြဝါဒခံယူပွဲကို ဇန်နဝါရီလ ၂၁ ရက်နေ့ မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပခဲ့သည်။


ရှေးဦးစွာ နိုင်ငံတော်သမ္မတဦးထင်ကျော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် သက်တော်ဝါတော်ကြီးမြင့်သည့် ဆရာတော်ကြီးများအား ယခုကဲ့သို့ ကျန်းကျန်းမာမာနှင့် အထောက်အကူမပါ သွားလာနိုင်သည်ကို ဖူးမြော်ရသည့်အတွက် လွန်စွာဝမ်း

မြောက်ဝမ်းသာ ပီတိဖြစ်ရပါကြောင်း၊ သာသနာတော်မြတ်ကြီးအတွက်လည်း များစွာအား ရှိပါကြောင်း၊ ယခုကဲ့သို့ ဂါရဝပြုလာရောက်ရခြင်းမှာ အရှင်ဘုရားတို့၏ ဩဝါဒများကို နာကြားခံယူရန်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သင်္ဂဟ တရားလေးပါးဖြစ်သည့် ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာ၊ သမာနတ္တတာတို့နှင့် စပ်လျဉ်း၍ ဩဝါဒချီးမြှင့်တော်မူသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများအား နိုင်ငံတော်သမ္မတဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော။
ငါသည်ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။



# ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၇ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၁၀ နာရီ တွင် နေပြည်တော်ရုံးအမှတ် (၃၁) စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားရာ မတ်၁၂ ရက်တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနားများ ကျင်းပမည်ဖြစ်ကြောင်း၊ အခမ်းအနားသို့ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး၁၆၆ပါး၊ သီလရှင် ၉ပါး၊ လူပုဂ္ဂိုလ် ၂၉ဦးတို့ကို ဘွဲ့တံဆိပ်တော်ဆက်ကပ် ချီးမြှင့်မည်ဖြစ်ကြောင်း၊ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီအသီးသီးတို့က ကုသိုလ်ယူပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသော သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးတို့က ဆောင်ရွက်ထားမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သက်ဆိုင်ရာဌာနများအနေဖြင့် လိုအပ်သည်များကို ပြင်ဆင်ထားကြရန် နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။　　။

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

**No. Name of Book**

၁။ ဗုဒ္ဓဘာသာကောင်းတစ်ယောက်
၂။ သဒ္ဓမ္မဇောတိကပဋ္ဌာန်း
၃။ သဒ္ဓမ္မဇောတိက အဘိဓမ္မာ
၄။ သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ်
၅။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ
၆။ ကပ္ပိယကောင်းတစ်ယောက်
၇။ အလှူဒါနအမျိုးမျိုး
၈။ သီလ(သို့) ကိုယ်ကျင့်တရား
၉။ ဂုဏ်တော်(မြန်မာ)
၁၀။ အခြေခံ လူငယ်အဘိဓမ္မာနှင့် တေးကဗျာ
၁၁။ သာသနာပြုအခြေခံကိုယ်ကျင့်တရား
၁၂။ ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော်
၁၃။ ဘဝတန်ဖိုးမြှင့်ဩဝါဒကထာ
၁၄။ အမျိုးသားယဉ်ကျေးမှု
၁၅။ သပ္ပုရိသဝတ်ရွတ်စဉ်
၁၆။ ဗုဒ္ဓနှင့် ဗြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု
၁၇။ ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| 1. | How to Live As a Good Buddhist Vol.I |
| 2. | How to Live As a Good Buddhist Vol.II |
| 3. | Teaching of the Buddha(Higher Vol.I) |
| 4. | Teaching of the Buddha (Higher Vol.II) |
| 5. | Ekaka Duka |
| 6. | Dhammapada (Thick) |
| 7. | Dhammapada (Thin) |
| 8. | Intro Dhammasaṅgaṇī |
| 9. | Dhammasaṅgaṇī |
| 10. | Mahāsatipaṭṭhāna |
| 11. | Catukka Nipata PaLi |
| 12. | Uparipaṇṇāsa |
| 13. | Nidāna Saṁyutta |
| 14. | Khandhvagga Saṁyutta |
| 15. | The Nine Attributes of the Buddha |
| 16. | ဝိဋကတ်သုံးပုံ CD ရွှန် |
| 17. | Buddhism Hand Book |
| 18. | Pārājika Pāḷi |
| 19. | Mūlapaṇṇāsa |
| 20. | Teaching of the Buddha (Basic Level) |
| 21. | Tikanipata PaLi |
| 22. | Digha Nikaya |
| 23. | Majjhimapannasa |
| 24. | Ekaka, Duka, Tika & Catukka Nipata PaLi Vol 1 |
| 25. | Pancaka, Chakka & Sattaka Nipata PaLi Vol 2 |
| 26. | Atthaka, Navaka, Dasaka & Ekadasaka Nipata PaLi Vol 3 |

အမှတ် ၀၇၂၂၆
ရက်စွဲ ၁-၄-၁၇



ACA
ပညာရိပ်ငြိမ်
Since 1983
မောင်ခိုင်ခန့်ထွန်း
နှစ်ထပ်ကွမ်းလှရှည်ချွန်
မဆုဆက်ဝင့်
နဝမတန်းလှရှည်ချွန်
ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ
ဘာသာစုံ ဂုဏ်ထူးရှင်များ
မောင်ခိုင်ခန့်ထွန်း
ဆမဉ ၁၄၇၇
မောင်စိုင်းထက်အိမ်လင်း
ဆမဉ ၁၄၉၉
မောင်အောင်သူပါရမီ
ဆမဉ ၁၅၁၅
(၅)ဘာသာ ဂုဏ်ထူးရှင်များ
မရတနာခင်
မအေးချမ်းနိုင်
မအေးမြတ်စု
မသက်ထားဇွန်
မောင်စည်သူတင်
မရတနာမိုး
မောင်ကောင်းမြတ်သူ
မချိုယဉ်သွယ်
မယဉ်မင်းအိ
မထက်ဝတီအောင်
ACA
ခြံအမှတ် ၃၂၇/၁၊ မုဒိတာရင်ပြင်၊ ဥက္ကာ(၅)လမ်း၊ ဂ/ရပ်ကွက်၊ ဆေးတက္ကသိုလ်(၂)ရှေ့၊ မြောက်ဥက္ကလာပမြို့
Ph : 9691123, 9692174, 09 73242687, 09 5057071, 09 73019477
http://www.aca-educentre.com